# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၀၁)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်အတွင်း နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ထပ်မံခံစားခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၀/ ၂၀၂၅
၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

**နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ထပ်မံခံစားခွင့်ပြုခြင်း**

**အပိုင်း ၁**

**ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး**

၁။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀,၀၀၀/-ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၆၀,၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၃၀,၀၀၀/-(ကျပ်သုံးသောင်းတိတိ)ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုလိုက်သည်။

**အပိုင်း ၂**

**တပ်မတော်(ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး**

၂။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀,၀၀၀/- ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ *စာမျက်နှာ ၃ ကော်လံ ၁* ■



## ညောင်ရွှေမြို့ သီတင်းကျွတ်ဖောင်တော်ဦးဘုရားပွဲတော် ဘုရားဖူးလာပြည်သူများနှင့် စည်ကားလျက်ရှိ

ညောင်ရွှေ စက်တင်ဘာ ၃၀

ရှမ်းပြည်နယ် ညောင်ရွှေမြို့ အဋ္ဌဒိသာဓမ္မဝိဟာရ ဒေသစာရီစံကျောင်းတော်ကြီး၌ ဒေသစာရီ ကြွချီကိန်းဝပ်စံပယ်ပူဇော်ခံလျက်ရှိသည့် အင်းလေး ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူတို့အား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ လာရောက်ဖူးမြော်ကြည်ညို၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသက်န်းများ ကပ်လှူပူဇော်လျက်ရှိရာ စံကျောင်းတော်နှင့် ပွဲဧရိယာအတွင်း စည်ကားလျက်ရှိသည်။

ဒေသခံပြည်သူများနှင့် ဘုရားဖူးလာပြည်သူများသည် နံနက်အရုဏ်တက်ချိန်မှစတင်ကာ မိသားစုအလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့များဖြင့်သော်လည်းကောင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ❂

**ယနေ့ ဖတ်စရာ**




ကြက်မောက်တောင်ရေလှောင်တမံနှင့် ရေပိုလွှဲ၏ ကြံ့ခိုင်မှု ကောင်းမွန်လျက်ရှိပြီး စိုးရိမ်ဖွယ်ရာ အခြေအနေမရှိဟု သိရ — ပြည်တွင်းသတင်း စာ ၄

ဂျပန်နိုင်ငံ အယ်လ်ဒီပီပါတီဥက္ကဋ္ဌသစ် ရွေးချယ်ပွဲ — ဆောင်းပါး စာ ၆

အင်ဒိုနီးရှားနိုင်ငံ၌ စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်သည့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည် — နိုင်ငံတကာသတင်း စာ ၁၄

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



■ *ရှေ့ဖုံးမှ*

ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၆၀,၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၃၀,၀၀၀/- (ကျပ်သုံးသောင်းတိတိ)ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုလိုက်သည်။

**အပိုင်း ၃**

**ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးထုတ်ပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်**

၃။ အထက်ဖော်ပြပါ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးထုတ်ပေးရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လအတွက်နှင့် လစာပြည့် သို့မဟုတ် လစာဝက် အစရှိသည့် လစာငွေရရှိသော အခြားခွင့်ခံစားနေသည့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ရှိပါသည်။

(ခ) ပညာသင်ကြားခွင့်[၁] ဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ စေလွှတ်ခြင်းခံရသော ဝန်ထမ်းများနှင့် ပညာသင်ခွင့် စည်းကမ်းချက်များ[၂]ဖြင့် နိုင်ငံခြားသို့ သွားရောက်ပညာသင်ကြားနေကြသည့် ဝန်ထမ်းများသည် ယင်းသို့ သွားရောက်နေသည့် ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ။

(ဂ) တာဝန်ထမ်းဆောင်ရာ၌ လိုအပ်သောအရည်အချင်း ပြည့်စုံမှုအတွက် ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတစ်ခုခုတွင်လည်းကောင်း၊ စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဆိုင်ရာသိပ္ပံ သို့မဟုတ် အထက်တန်းကျောင်းတစ်ခုခုတွင်လည်းကောင်း ပညာသင်ခွင့် စည်းကမ်းချက်များဖြင့် တက်ရောက်ပညာသင်ကြားခွင့် ရရှိသော ဝန်ထမ်းများအား ပညာသင်ခွင့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရပါမည်။

(ဃ) ရာထူးမှ ခေတ္တချထားခြင်းခံရသော ဝန်ထမ်းများအား တည်ဆဲနည်းဥပဒေများအရ နေထိုင်စားသောက်မှုစရိတ်[၃]ကို ထုတ်ပေးထားစဉ်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရပါမည်။

(င) ပုံသေလစာ[၄] ရရှိသော ဝန်ထမ်းများသည်လည်း အပိုထောက်ပံ့ကြေးကို လစဉ်ခံစားခွင့်ရှိမည်ဖြစ်ပါသည်။

**အပိုင်း ၄**

**နေ့စားဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများအတွက် အပိုထောက်ပံ့ကြေး**

၄။ အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိ နေ့စားဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများ၏ လုပ်ခကို အလုပ်ချိန် တစ်နေ့ (၈)နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခ ကျပ် ၄,၈၀၀/- အပေါ်တွင် အပိုထောက်ပံ့ကြေး ကျပ် ၁,၀၀၀/-ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ထပ်မံ၍ ကျပ် ၁,၀၀၀/-ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၂,၀၀၀/-အပြင် ထပ်မံ၍ ကျပ် ၁,၀၀၀/-ကို အပိုထောက်ပံ့ကြေး အဖြစ် ခံစားခွင့်ပြုရန်ဖြစ်သဖြင့် နေ့စားအလုပ်သမားများအား နေ့စဉ်လုပ်ခ ကျပ် ၇,၈၀၀/- (ကျပ်ခုနစ်ထောင့်ရှစ်ရာတိတိ)ကို ခွင့်ပြုရန်ဖြစ်ပါသည်။

၅။ အောက်ဖော်ပြပါ ဝန်ထမ်းများသည် အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ-

(က) လုပ်ငန်းစာချုပ်အစရှိသည့် ဆောင်ရွက်ပြီးစီးသော လုပ်ငန်းပမာဏ သို့မဟုတ် အရေအတွက်ကို လိုက်၍ အခကြေးငွေရရှိသည့် ဝန်ထမ်းများနှင့် အလုပ်သမားများ၊

(ခ) အချိန်ပိုင်း[၅]သာ ဆောင်ရွက်ရသည့် ဝန်ထမ်းများ၊

**အပိုင်း ၅**

**အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး**

၆။ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော အငြိမ်းစားဝန်ထမ်းများ(တပ်မတော်အငြိမ်းစား ဝန်ထမ်းများအပါအဝင်)အား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင်တစ်လ ကျပ် ၃၀,၀၀၀/- ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ပထမအကြိမ်အဖြစ် လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၃၀,၀၀၀/-အပြင် ထပ်မံ၍ ကျပ် ၃၀,၀၀၀/-(ကျပ်သုံးသောင်းတိတိ)ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

**အပိုင်း ၆**

**အငြိမ်းစားဝန်ထမ်းများအား အပိုထောက်ပံ့ကြေးပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်**

၇။ အငြိမ်းစားဝန်ထမ်းများအား အပိုထောက်ပံ့ကြေးခံစားခွင့်ပြုရေးနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် အငြိမ်းစားဝန်ထမ်းများကိုသာ အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်ဖြစ်၍ နိုင်ငံခြားတိုင်းပြည်များတွင် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ သွားရောက်နေထိုင်ကြသူများကို နိုင်ငံခြားတွင် သွားရောက်နေစဉ်အတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုမည်မဟုတ်ပါ။

(ခ) ပင်စင်လစာတစ်ခုထက် ပို၍ရရှိနေသော အငြိမ်းစားဝန်ထမ်းများအတွက် ယင်းသို့ရရှိနေသည့် ပင်စင်လစာအားလုံး၏ စုစုပေါင်းအပေါ်တွင် အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

(ဂ) မိသားစုပင်စင်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူအားလုံး(ဥပမာ-ကွယ်လွန်သူ ဝန်ထမ်း၏ ဇနီးနှင့် သားသမီးများအားလုံး)ခံစားရရှိနေသည့် ပင်စင်ငွေစုစုပေါင်းအပေါ်တွင် အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်နှင့် ယင်းအပိုထောက်ပံ့ကြေးကို တစ်ကြိမ်သတ်မှတ်ပြီးဖြစ်ပါက တစ်ဦးတစ်ယောက်၏ ခံစားခွင့်ရပ်စဲသွားသည့်အခါ အပိုထောက်ပံ့ကြေးကို ထပ်မံပြင်ဆင်သတ်မှတ်ရန် မလိုပါ။

(ဃ) ယခုခွင့်ပြုသော အပိုထောက်ပံ့ကြေးကို တစ်လုံးတည်းပင်စင်အဖြစ် လဲလှယ်ခွင့်မရှိပါ။

(င) ပင်စင်နှင့် လုပ်သက်ဆုငွေများကို လက်ရှိပြဋ္ဌာန်းထားသော စည်းမျဉ်းများအတိုင်းပင် ဆက်လက်ခံစားခွင့်ပြုရမည်။

(စ) ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၅-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၂/၂/၃၁၀ (၃၉၀၄/၂၀၂၄)ဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အပိုဒ် ၂ ပါ အချက်များကိုပါ လိုက်နာဆောင်ရွက်ရမည်။

**အပိုင်း ၇**

**အထွေထွေ**

၈။ ဤအမိန့်သည် **၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍** အတည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွက် ပေးရန်ရှိသော လစာ၊ လုပ်ခ၊ ပင်စင်လစာနှင့်အတူ အပိုထောက်ပံ့ကြေးကို ထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးရပါမည်။

**(ဒေါက်တာကံဇော်)**

**ပြည်ထောင်စုဝန်ကြီး**

၁။ Study Leave ၂။ Deputation ၃။ Subsistence Allowance ၄။ Fixed Pay ၅။ Part-time

❂ *ရှေ့ဖုံးမှ*

မိတ်ဆွေအပေါင်းအသင်းများနှင့်သော်လည်းကောင်း စုပေါင်းလာရောက်၍ အရဇာ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်း ကောင်းမှုကုသိုလ်များပြုပြီး ပွဲဈေးဆိုင်များသို့ သွားရောက်လည်ပတ်ကြလျက် ဒေသရိုးရာစားသောက်စရာများ ဝယ်ယူသုံးဆောင်ခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူခြင်း၊ အင်းလေးကန်အတွင်းသို့ စက်လှေများဖြင့် သွားရောက်လည်ပတ်ခြင်းတို့ ဆောက်ရွက်လျက်ရှိကြသည်။

ဒေသစာရီ ကြွချီပူဇော်ခံလျက်ရှိသည့် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ်များသည် အစဉ်အလာအရ နောက်တစ်ရက် အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီတွင် ညောင်ရွှေမြို့ စံကျောင်းတော်မှ နန်းသဲကျေးရွာဌာနသို့ ဆက်လက်ကြွချီပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

**၃၀ - ၉ - ၂၀၂၅ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၉၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**သတ်မှတ်ရေးကော်မတီ**

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၃၀

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၃၀

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိ တက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယ ရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ တာဝန်ရှိသူများနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



### ပရိတ်တရားတော်များ နာယူကြည်ညို

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိ တက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်သံဃာတော်များ ချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

### ငါးကောင်ရေ ၂၅၀၀ ဇီဝိတဒါနအဖြစ် လွှတ်ပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ အမှတ်(၃) မင်္ဂလာကန်တော်၌ ကျင်းပသည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မင်္ဂလာကန်တော်အတွင်းသို့ ငါးကောင်ရေ ၂၅၀၀ ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးကြသည်။(အပေါ်ပုံ)

### တစ်နေ့တာ အာဟာရဒါန ကျွေးမွေးလှူဒါန်းသွားမည်

ထို့အတူ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ "ကရုဏာကမ္ဘာ" ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းခဲ့ပြီး အောက်တိုဘာ ၁ ရက်တွင် ဘိုးဘွားရိပ်သာမှ အဘိုးအဘွား ၁၉၁ ဦးတို့ကို တစ်နေ့တာ အာဟာရဒါန ကျွေးမွေးလှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကြက်မောက်တောင် ရေလှောင်တမံနှင့် ရေပိုလွှဲ၏ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ဖွယ်ရာအခြေအနေမရှိဟုသိရ



နေပြည်တော် စက်တင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကြက်မောက်တောင် ရေလှောင်တမံသည် ယနေ့နံနက် ၉ နာရီတွင် ကန်ရေပြည့်အမှတ်သို့ ကျော်လွန်ရောက်ရှိခဲ့ကြောင်း သိရသည်။

ထိုသို့ ကန်ရေပြည့်အမှတ် ကျော်လွန်ပြီး ရေပိုလွှဲမှ စတင်ရေကျော်စီးဆင်းခဲ့ရာ မွန်းလွဲ ၃ နာရီတွင် ရေပိုလွှဲမှ အမြင့်ဆုံး ၃ ဒသမ ၄၀ ပေအထိ ရေကျော်စီးဆင်းခဲ့သော်လည်း ညနေ ၆ နာရီတွင် အမြင့် ၃ ဒသမ ၃၀ ပေ ရေကျော်စီးဆင်းလျက်ရှိသည့် အတွက် ရေအမှတ်များ ပြန်လည်ကျဆင်းလျက်ရှိကြောင်း သိရသည်။

ကြက်မောက်တောင်ရေလှောင်တမံနှင့် ရေပိုလွှဲ၏ ကြံ့ခိုင်မှုသည် ကောင်းမွန်လျက်ရှိပြီး စိုးရိမ်ဖွယ်ရာအခြေအနေမရှိကြောင်း သိရှိရပြီး ရေပိုလွှဲမှ ရေကျော်စီးဆင်းခဲ့သည့်အတွက် တောင်ဇင်းချောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် ချောင်းရေမြင့်တက်နေမှုအား ဂရုပြုနေထိုင် ကြရန် အသိပေးနိုးဆော်ထားသည်။

**သတင်းစဉ်**



တာချီလိတ်မြို့၌ စက်တင်ဘာ ၃၀ ရက်က မဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာထားရှိမှုကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနေဝင်းနှင့် အဖွဲ့ဝင်များက မဲဆန္ဒရှင်များ မဲစာရင်း လာရောက်ကြည့်ရှုနေမှုကို လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ ခရိုင်(ပြန်/ဆက်)



နောင်ချိုမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်က မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာများတွင် ပထမအကြိမ် ကြေညာထားမှုကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဘိုးရီနှင့် အဖွဲ့ဝင်များက ပြည်သူများ မဲစာရင်းလာရောက်ကြည့်ရှုနေမှုကို လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ်အဖြစ် စက်တင်ဘာ ၃၀ ရက်တွင် တောင်ကြီးမြို့ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် တပ်ရင်းတပ်ဖွဲ့များ၌ ကြေညာထားရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးဘမြင့်၊ အတွင်းရေးမှူး ဦးခွန်မြတ်ဆန်းထွန်းနှင့် အဖွဲ့ဝင်များက မဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြေညာထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၈၈
ရက်
သာ လိုတော့သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၁/၂၀၂၅) ဖြင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၂/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကို လည်းကောင်း၊ ကြေညာချက်အမှတ် (၅၃/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကို လည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

### ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်း ၂၀၂၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ်ကြေညာထားမှု ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်း ၂၀၂၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ် ကြေညာထားမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်သည် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့လည်းကောင်း (ယာပုံ)၊ ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက် ဓမ္မာရုံသို့လည်းကောင်း သွားရောက်ပြီး ၂၀၂၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ပထမအကြိမ်အဖြစ် ကပ်ထားကြေညာထားမှုအား ပြည်သူများ လာရောက်ကြည့်ရှုနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ကပ်ထားကြေညာသည့် မဲစာရင်းများကိုလည်း ပြည်သူများသိရှိစေရေး ဆောင်ရွက်သွားကြရန်နှင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားသည်။

ဥတ္တရသီရိမြို့နယ်အနေဖြင့် မဲရုံစုစုပေါင်း ၄၉ ရုံတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ငါးသောင်းကျော်ခန့်ရှိပြီး ပုဗ္ဗသီရိမြို့နယ်အနေဖြင့် မဲရုံစုစုပေါင်း ၇၆ ရုံတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေ ရှစ်သောင်းကျော်ခန့်ရှိကြောင်းသက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**





ထားဝယ်မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာများတွင် မဲဆန္ဒရှင်စာရင်းများဖြစ်သော ပုံစံ (၁)၊ (၁-က) များကို စက်တင်ဘာ ၃၀ ရက်က ကပ်ထားကြေညာထားရာ ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြစဉ်။
ခရိုင်(ပြန်/ဆက်)

ဟားခါးမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှစတင်၍ ကပ်ထားကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းများ လာရောက်ကြည့်ရှုကြစဉ်။ ကိုဆလိုင်း





မိုင်းဆတ်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်ခွင့်ရှိစေရန်နှင့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရန် မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှစ၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ ကြည့်ရှုကြစဉ်။ ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

# ဂျပန်နိုင်ငံ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌသစ် ရွေးချယ်ပွဲ

**တက္ကသိုလ်မောင်ရှုပ**

ဂျပန်နိုင်ငံ အာဏာရလစ်ဘရယ်ဒီမိုကရက်တစ် ပါတီ (Liberal Democratic Party–LDP) ရဲ့ ဥက္ကဋ္ဌနဲ့ ဝန်ကြီးချုပ်ဖြစ်တဲ့ ရှီဂဲရု အီရှီဘာ (Shigeru Ishiba) က သူ့အနေနဲ့ ပါတီဥက္ကဋ္ဌရာထူးကနေ နုတ်ထွက်တော့မှာဖြစ်ကြောင်း စက်တင်ဘာလ ၇ ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့တဲ့အတွက် အယ်လ်ဒီပီပါတီရဲ့ဥက္ကဋ္ဌသစ် ရွေးချယ်ပွဲပြုလုပ်ဖို့ စီစဉ်ဆောင်ရွက်လာခဲ့ကြပါတယ်။

ဝန်ကြီးချုပ်ဖြစ်တဲ့ ရှီဂဲရု အီရှီဘာဟာ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့က ကျင်းပခဲ့တဲ့ အယ်လ်ဒီပီပါတီဥက္ကဋ္ဌသစ်ရွေးချယ်ပွဲမှာ သူနဲ့အတူ ပါဝင်ယှဉ်ပြိုင်ခဲ့ကြတဲ့ ကိုယ်စားလှယ်လောင်း ရှစ်ဦးကို အနိုင်ရရှိခဲ့ပြီး ပါတီဥက္ကဋ္ဌဖြစ်လာခဲ့ပါတယ်။ ရှီဂဲရု အီရှီဘာဟာ အထက်လွှတ်တော်နဲ့ အောက်လွှတ်တော်နှစ်ရပ်စလုံးရဲ့ အတည်ပြုမှုနဲ့ အောက်တိုဘာလ ၁ ရက်နေ့မှစတင်ပြီး ဂျပန်နိုင်ငံရဲ့ ဝန်ကြီးချုပ်အဖြစ်လည်း တာဝန်ထမ်းဆောင်နေခဲ့တာ ဖြစ်တဲ့အတွက် အခုနုတ်ထွက်တဲ့အချိန်အထိ ဝန်ကြီးချုပ်သက်တမ်း တစ်နှစ်နီးပါးသာ ထမ်းဆောင်နိုင်ခဲ့ပါတယ်။

ဝန်ကြီးချုပ် အီရှီဘာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားရာမှာ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့က ပြုလုပ်ခဲ့တဲ့ အထက်လွှတ်တော်ရွေးကောက်ပွဲမှာ အယ်လ်ဒီပီပါတီအများစုနေရာ လက်လွှတ်ဆုံးရှုံးခဲ့ရခြင်းအတွက် ပါတီခေါင်းဆောင်ဖြစ်တဲ့ ၎င်းမှာတာဝန်ရှိကြောင်း၊ ၎င်းတာဝန်ထမ်းဆောင်ခဲ့တဲ့ ကာလအတွင်း ဂျပန်နိုင်ငံဟာ အမေရိကန်နိုင်ငံမှ ချမှတ်မယ့် ကုန်သွယ်ခွန်အရေးကိစ္စ ညှိနှိုင်းမှုမှာ တိုးတက်မှုတွေရရှိစေဖို့ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒီညှိနှိုင်းဆွေးနွေးမှုကိစ္စဟာ နိုင်ငံအတွက် "အမျိုးသားရေးအကျပ်အတည်း" တစ်ခုဖြစ်ကြောင်း၊ အခုနှစ်ဖက်သဘောတူညီမှု ရရှိသွားခဲ့တာကြောင့် ၎င်းအနေနဲ့ ရာထူးမှနုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

တကယ်တော့ ရှီဂဲရု အီရှီဘာဟာ သူဝန်ကြီးချုပ်ဖြစ်လာပြီး ကိုးရက်အကြာမှာ အောက်လွှတ်တော်ကို ဖျက်သိမ်းခဲ့ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပပြုလုပ်ခဲ့တဲ့ အောက်လွှတ်တော်ရွေးကောက်ပွဲမှာ အယ်လ်ဒီပီပါတီနဲ့ မဟာမိတ် ကိုမေးတိုးပါတီတို့ အမတ်နေရာအများစု လက်လွှတ်ဆုံးရှုံးခဲ့ရသလို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့က ကျင်းပခဲ့တဲ့ အထက်လွှတ်တော်ရွေးကောက်ပွဲမှာလည်း အယ်လ်ဒီပီပါတီနဲ့ မဟာမိတ် ကိုမေးတိုးပါတီတို့ အမတ်နေရာ အများစုနေရာ လက်လွှတ်ဆုံးရှုံးခဲ့ရတာတွေကြောင့် ပါတီဥက္ကဋ္ဌအနေနဲ့ ရာထူးကနေနုတ်ထွက်ပေးဖို့ အယ်လ်ဒီပီပါတီအတွင်းမှာ ဖိအားပေးမှုတွေ ခံနေရတာ ဖြစ်ပါတယ်။ အမျိုးသားအဆင့် လွှတ်တော်ရွေးကောက်ပွဲနှစ်ရပ်စလုံးမှာ အယ်လ်ဒီပီပါတီဟာ လူထုထောက်ခံမှုမရဘဲ အမတ်နေရာအများအပြား ဆုံးရှုံးခဲ့ရတာကြောင့် ပါတီဥက္ကဋ္ဌအနေနဲ့ တာဝန်ယူပြီး ရာထူးမှ နုတ်ထွက်ပေးဖို့ တောင်းဆိုမှုတွေ ရှိလာခဲ့ပါတယ်။

ဒါပေမယ့် ဝန်ကြီးချုပ် ရှီဂဲရု အီရှီဘာက သူ့အနေနဲ့ ဂျပန်နိုင်ငံနဲ့ အမေရိကန်နိုင်ငံ အကြား ကုန်သွယ်ခွန်အရေးကိစ္စ ညှိနှိုင်းမှုတွေရှိနေခြင်း၊ ကုန်ဈေးနှုန်း ကြီးမြင့်မှုကြောင့် ပြည်တွင်းမှာ လုပ်ခလစာများတိုးမြှင့်ပေးဖို့ ညှိနှိုင်းဆောင်ရွက်နေရခြင်း စတဲ့ အရေးကိစ္စတွေကြောင့် ရာထူးမှ နုတ်ထွက်ပေးဖို့ တောင်းဆိုမှုတွေကို ငြင်းဆန်ခဲ့ပါတယ်။ သူ့အစား အယ်လ်ဒီပီပါတီမှာ ဒုတိယတာဝန်အရှိဆုံး ဖြစ်တဲ့ ပါတီအထွေထွေအတွင်းရေးမှူး Hiroshi Moriyama အပါအဝင် ပါတီထိပ်ပိုင်းပုဂ္ဂိုလ်နှစ်ဦး၊ သုံးဦးလောက်က ရာထူးမှနုတ်ထွက်ဖို့ ပြင်ဆင်နေခဲ့ကြပါတယ်။ အယ်လ်ဒီပီပါတီဝင်တွေ၊ အထူးသဖြင့် လူငယ်အဖွဲ့ဝင်တွေ၊ အယ်လ်ဒီပီပါတီ ပြည်နယ်ရုံးတွေက ဝန်ကြီးချုပ် ရှီဂဲရု အီရှီဘာ ရာထူးမှနုတ်ထွက်ပေးဖို့သာ တောင်းဆိုနေခဲ့ကြပြီး တကယ်လို့ ဆက်လက်တင်းခံနေမယ်ဆိုရင် ပါတီ စည်းမျဉ်းအရ အယ်လ်ဒီပီပါတီဥက္ကဋ္ဌသစ် ရွေးချယ်ပွဲ လုပ်သွားဖို့တောင် စီစဉ်နေကြပြီ ဖြစ်ပါတယ်။ ဝန်ကြီးချုပ် ရှီဂဲရု အီရှီဘာက သူနုတ်ထွက်တော့မယ်လို့ ကြေညာတဲ့နေ့ဟာ အယ်လ်ဒီပီပါတီအနေနဲ့ ပါတီဥက္ကဋ္ဌအသစ် ရွေးချယ်မှုကို ပြုလုပ်သွားရန် ရှိ/မရှိကို ဆုံးဖြတ်မှုပြုလုပ်မယ့်ရက်မတိုင်မီ တစ်ရက်အလိုမှာ ကြေညာခဲ့တာဖြစ်ပါတယ်။

အယ်လ်ဒီပီပါတီရဲ့ စည်းမျဉ်းတွေအရ လက်ရှိ အယ်လ်ဒီပီပါတီဝင်အမတ်တွေနဲ့ ပြည်နယ်

> **"အယ်လ်ဒီပီပါတီရဲ့ ဥက္ကဋ္ဌရွေးချယ်မှုဟာ အယ်လ်ဒီပီပါတီဝင် လွှတ်တော်အမတ်တွေနဲ့ အယ်လ်ဒီပီပါတီဝင် ပြည်သူ တစ်သန်းကျော်က မဲပေးရွေးချယ်ကြတာ ဖြစ်ပါတယ်။ မဲပေးရွေးချယ်ရာမှာ နည်းလမ်းနှစ်ခုရှိပါတယ်။ ပထမအကြိမ် ရွေးချယ်မှုမှာ အယ်လ်ဒီပီပါတီဝင် လွှတ်တော်အမတ် ၂၉၅ ဦးရဲ့မဲနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ အယ်လ်ဒီပီပါတီဝင်တွေရဲ့ မဲတွေကနေ အချိုးကျပြောင်းလဲပြီး အယ်လ်ဒီပီပါတီဝင် လွှတ်တော်အမတ် ၂၉၅ ဦးနဲ့ အရေအတွက်တူညီတဲ့ မဲ၊ စုစုပေါင်း ၅၉၀ ကနေ ရွေးချယ်ကြတာဖြစ်ပါတယ်။ ပထမအကြိမ် ရွေးချယ်မှုမှာ ကိုယ်စားလှယ်တစ်ဦးဟာ မဲအရေအတွက် စုစုပေါင်းရဲ့ ၅၀ ရာခိုင်နှုန်းကျော်လွန်ပြီး မဲအများစုရရှိရင် အနိုင်ရရှိမှာဖြစ်ပါတယ်။ ဘယ်ကိုယ်စားလှယ်မှ မဲအရေအတွက်စုစုပေါင်းရဲ့ ၅၀ ရာခိုင်နှုန်းကျော်လွန်မရရှိခဲ့ရင် ဒုတိယအကြိမ် ရွေးချယ်မှုကို ဆက်လက်ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ဒုတိယအကျော့မှာ ပါဝင်ယှဉ်ပြိုင်နိုင်သူတွေကတော့ ပထမအကြိမ်မဲပေးမှုမှာ မဲအရေအတွက် အများဆုံးရရှိခဲ့သူ ကိုယ်စားလှယ်နှစ်ဦးသာ ဖြစ်ပါတယ်"**

ကိုယ်စားလှယ်တွေရဲ့ ထက်ဝက်ကျော်က အတည်ပြုရင် ပါတီဥက္ကဋ္ဌနေရာရွေးချယ်ပွဲကို ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ လက်ရှိမှာ အယ်လ်ဒီပီပါတီဝင် အမတ်ဦးရေ ၂၉၅ ဦးနဲ့ ပြည်နယ်ကိုယ်စားလှယ် ၄၇ ဦး ရှိတဲ့အတွက် စုစုပေါင်း ၃၄၂ ဦးအနက် ထက်ဝက်ကျော်ဖြစ်တဲ့ ၁၇၂ ဦးက ထောက်ခံမယ်ဆိုရင် ပါတီဥက္ကဋ္ဌနေရာ ရွေးချယ်ပွဲကို ပြုလုပ်သွားနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ ၁၇၂ ဦးရဲ့ ထောက်ခံမှုရရှိနိုင်ဖို့ဆိုတာ လွယ်ကူတာမဟုတ်ပေမယ့် ဒါဟာ ပါတီဥက္ကဋ္ဌကို ပါတီတွင်းက အယုံအကြည်မရှိအဆိုတင်သွင်းတာနဲ့ အတူတူပဲဖြစ်တဲ့အတွက် ပါတီတွင်း စည်းလုံးညီညွတ်မှုကို ပြိုကွဲစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပါတီတွင်းစည်းလုံးညီညွတ်မှုကို ထိန်းထားနိုင်ဖို့ ဝန်ကြီးချုပ်ဟောင်း ယိုရှိဟီဒေး ဆူဂနဲ့ ဝန်ကြီးချုပ်ဟောင်း ဖူမီယို ကီရှီဒါတို့ရဲ့ ဖျောင်းဖျတိုက်တွန်းမှုကြောင့် ရှီဂဲရု အီရှီဘာဟာ နောက်ဆုံးမှာ ရာထူးကနုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။ အယ်လ်ဒီပီပါတီ ပြိုကွဲမယ့်အရေးကို ရှေးရှုပြီး ရှီဂဲရု အီရှီဘာ ရာထူးက နုတ်ထွက်ခဲ့ပေမယ့် အယ်လ်ဒီပီပါတီဟာ ကွဲပြားမှုတွေ နက်နက်ရှိုင်းရှိုင်းရှိနေခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် ပါတီဥက္ကဋ္ဌသစ်ဟာ ပါတီကို ပြန်လည်စည်းလုံးမှုတွေရရှိစေဖို့ စွမ်းဆောင်သွားနိုင်ဖို့ လိုအပ်နေပါတယ်။

### ဘယ်သူတွေ ဝင်ရောက်ယှဉ်ပြိုင်ကြမလဲ

ဝန်ကြီးချုပ် ရှီဂဲရု အီရှီဘာ နုတ်ထွက်တော့မယ်လို့ ကြေညာပြီးနောက် ပါတီဥက္ကဋ္ဌရွေးချယ်ရေးအဖွဲ့ဟာ ပါတီဥက္ကဋ္ဌအသစ် ရွေးချယ်မယ့်ရက်အဖြစ် အောက်တိုဘာလ ၄ ရက်နေ့ကို သတ်မှတ်ခဲ့ပါတယ်။ ပါတီဥက္ကဋ္ဌရွေးချယ်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် ကိုယ်စားလှယ်လောင်းတွေအနေနဲ့ မဲဆွယ်စည်းရုံးမှုကို စက်တင်ဘာလ ၂၂ ရက်နေ့က စတင်ပြီး ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။

လက်ရှိအချိန်အထိ အယ်လ်ဒီပီပါတီရဲ့ ဥက္ကဋ္ဌရွေးချယ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မယ်လို့ ထုတ်ဖော်ကြေညာထားသူ ငါးဦးရှိပါတယ်။ ပထမတစ်ဦးက လက်ရှိ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ရှင်ဂျီရို ကိုအီဇူမိ (Shinjiro Koizumi)၊ စီးပွားရေးလုံခြုံမှုရရှိရေး ဝန်ကြီးဟောင်း တာကာချိ ဆာနာအဲ (Takachi Sanae)၊ လက်ရှိအစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် ယိုရှီမာဆာ ဟာယာရှိ (Yoshimasa Hayashi)၊ အယ်လ်ဒီပီပါတီ အထွေထွေအတွင်းရေးမှူးဟောင်း တိုရှီမစ်ဆု မိုတေဂီ (Toshimitsu Motegi)နဲ့ စီးပွားရေးလုံခြုံမှုရရှိရေး ဝန်ကြီးဟောင်း တာကာယူကီ ကိုဘာယာရှိ (Takayuki Kobayashi) တို့ ဖြစ်ကြပါတယ်။ အခုဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ကိုယ်စားလှယ် ငါးဦးစလုံးဟာ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပပြုလုပ်ခဲ့တဲ့ အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲမှာလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသူတွေဖြစ်ကြပြီး ထိုစဉ်က ရှီဂဲရု အီရှီဘာက အနိုင်ရရှိခဲ့လို့ ဝန်ကြီးချုပ်တာဝန်ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့က စတင်ပြီး ထမ်းဆောင်နေတာ ဖြစ်ပါတယ်။

ကိုယ်စားလှယ် ငါးဦးအနက် အသက် ၆၄ နှစ်ရှိ ယိုရှီမာဆာ ဟာယာရှီဟာ လယ်ယာစိုက်ပျိုးရေး ဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ ပညာရေးဝန်ကြီး စတဲ့အစိုးရအဖွဲ့ တာဝန်တွေကို ထမ်းဆောင်ခဲ့ပြီး လုပ်ငန်းစွမ်းဆောင်ရည် ကောင်းမွန်တယ်လို့ နာမည်ကောင်းရရှိသူ ဖြစ်ပါတယ်။ တိုကျိုတက္ကသိုလ်နဲ့ Harvard Kennedy School တို့မှာ ပညာသင်ကြားခဲ့သူ ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလကစတင်ပြီး အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်နေတာ ဖြစ်ပါတယ်။ အထက်လွှတ်တော်အမတ်အဖြစ် ငါးကြိမ်၊ အောက်လွှတ်တော်အမတ်အဖြစ် နှစ်ကြိမ် ရွေးချယ်ခံထားရသူ ဖြစ်ပါတယ်။ ပြည်တွင်းမှာ လူသိများ ထင်ရှားသူတစ်ဦး မဟုတ်ပေမယ့် ဝန်ကြီးချုပ်ဟောင်း ကီရှီဒါနဲ့ နီးစပ်သူတစ်ဦးဖြစ်တဲ့အတွက် ကီရှီဒါရဲ့ ထောက်ခံမှုကို ရရှိနိုင်မယ့်သူတစ်ဦး ဖြစ်ပါတယ်။

အလားတူ စီးပွားရေးလုံခြုံမှုရရှိရေး ဝန်ကြီးဟောင်းဖြစ်တဲ့ အသက် ၅၁ နှစ်ရှိ မစ္စတာ တာကာယူကီ ကိုဘာယာရှီဟာ တိုကျိုတက္ကသိုလ်နဲ့ Harvard Kennedy School တို့မှာ ပညာသင်ကြားခဲ့သူ ဖြစ်ပါတယ်။ စီးပွားရေးဆိုင်ရာမူဝါဒတွေကို ထဲထဲဝင်ဝင် သိရှိနားလည်တဲ့ လူငယ်ပိုင်းနိုင်ငံရေးသမား တစ်ဦးဖြစ်ပေမယ့် လွှတ်တော်အမတ်သက်တမ်း ငါးကြိမ်သာ ထမ်းဆောင်ဖူးခြင်းနဲ့ အစိုးရအဖွဲ့ အတွင်းမှာ အတွေ့အကြုံနည်းပါးသူအဖြစ် လူသိများပါတယ်။ ၎င်းအနေနဲ့ ပါတီအတွင်းမှာ ကျောထောက်နောက်ခံပေးနိုင်မယ့် ပုဂ္ဂိုလ်ခိုင်ခိုင်မာမာ မရှိခြင်းဟာ သူ့ရဲ့အားနည်းချက်တစ်ခု ဖြစ်ပါတယ်။

စီးပွားရေးလုံခြုံမှုရရှိရေး ဝန်ကြီးဟောင်း ဖြစ်သူ အသက် ၆၄ နှစ်အရွယ်ရှိ မစ္စ တာကာချိ ဆာနာအဲဟာ အမျိုးသမီးနိုင်ငံရေးသမားများအကြား ပြုပြင်ပြောင်းလဲရေးကို ခိုင်ခိုင်မာမာဆောင်ရွက်လိုတဲ့ စိတ်ဆန္ဒရှိသူတစ်ဦးဖြစ်ပါတယ်။ မစ္စ တာကာချိ ဆာနာအဲဟာ နိုင်ငံရေးအရ သဘောထားတင်းမာသူတစ်ဦးဖြစ်တယ်လို့ နာမည်ထွက်သူဖြစ်ပါတယ်။ အောက်လွှတ်တော်အမတ်အဖြစ် ၁၁ ကြိမ်တိုင်တိုင် ရွေးချယ်ခံထားရသူ ဖြစ်ပါတယ်။ သူ့အနေနဲ့ ၂၀၂၄ ခုနှစ် အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့စဉ်က ပထမအကြိမ်မှာ မဲအပြတ်အသတ် အနိုင်မရရှိခဲ့ပေမယ့် ထောက်ခံမဲအများဆုံးရရှိခဲ့သူ ဖြစ်ပါတယ်။ ဒုတိယအကြိမ်ရွေးချယ်မှုမှာ ရှီဂဲရု အီရှီဘာကို ရှုံးနိမ့်ခဲ့ပါတယ်။ အခုလာမယ့် ရွေးကောက်ပွဲမှာ အလားအလာကောင်းသူတစ်ဦးအဖြစ် လူသိများထင်ရှားပါတယ်။

နောက်ထပ် အလားအလာအကောင်းဆုံးသူတစ်ဦးကတော့ လူငယ်နိုင်ငံရေးသမားတစ်ဦးဖြစ်တဲ့ လက်ရှိလယ်ယာစိုက်ပျိုးရေးဝန်ကြီး မစ္စတာ ရှင်ဂျီရို ကိုအိဇုမိဖြစ်ပါတယ်။ မစ္စတာ ရှင်ဂျီရို ကိုအိဇုမိဟာ ဂျပန်ဝန်ကြီးချုပ်အဖြစ် ၂၀၀၁ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့တဲ့ မစ္စတာ ဂျူနီချီရို ကိုအိဇုမိရဲ့သား ဖြစ်ပါတယ်။ ၁၉၈၁ ခုနှစ်မှာ မွေးဖွားသူဖြစ်လို့ အသက် ၄၄ နှစ်သာ ရှိသေးသူဖြစ်ပြီး ကိုလံဘီယာတက္ကသိုလ်ကနေ နိုင်ငံရေးသိပ္ပံဘာသာရပ်နဲ့ မဟာဘွဲ့ရရှိထားပါတယ်။ ၂၀၁၉ ခုနှစ်ကနေ ၂၀၂၁ ခုနှစ်အထိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့ပြီး ၂၀၂၅ ခုနှစ် မေလကစတင်ကာ လယ်ယာစိုက်ပျိုးရေးဝန်ကြီးတာဝန်ကို ထမ်းဆောင်လျက်ရှိပါတယ်။ မစ္စတာ ရှင်ဂျီရို ကိုအိဇုမိဟာ ဂျပန်နိုင်ငံတစ်ဝန်းမှာ လူသိများ ထင်ရှားသူတစ်ဦး ဖြစ်တာရယ်၊ ပါတီတွင်းက လူငယ်လွှတ်တော်အမတ်တွေရဲ့ ထောက်ခံမှုကိုရရှိထားသလို ဂျပန်ဝန်ကြီးချုပ်ဟောင်း ယိုရှိဟီဒေး ဆုဂရဲ့ ထောက်ခံမှုကိုလည်း သေချာပေါက် ရရှိမယ့်သူဖြစ်တာကြောင့် ဒီအချက်ဟာ ရှင်ဂျီရို ကိုအိဇုမိ အတွက် အားသာချက်တွေ ဖြစ်ပါတယ်။

နောက်ဆုံးတစ်ဦးကတော့ အယ်လ်ဒီပီပါတီရဲ့ အထွေထွေအတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့တဲ့ ရှီဂဲရု မိုတေဂီ ဖြစ်ပါတယ်။ ရှီဂဲရု မိုတေဂီဟာ တိုကျိုတက္ကသိုလ်နဲ့ John F. Kennedy School of Government တို့မှာ ပညာသင်ကြားခဲ့သူ ဖြစ်ပါတယ်။ အသက် ၇၀ ရှိပြီဖြစ်တဲ့ ရှီဂဲရု မိုတေဂီဟာ စီးပွားရေး၊ *စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး စတဲ့ တာဝန်တွေကိုလည်း ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။ သူဟာ အယ်လ်ဒီပီပါတီတွင်းမှာ အစုအဖွဲ့တွေ (faction) မဖျက်သိမ်းမီအချိန်အထိ သူ့ကိုယ်ပိုင်အစုအဖွဲ့ (Motegi faction) ကို ဖွဲ့စည်းခဲ့ပြီး လွှတ်တော်အမတ် ၅၀ ကျော် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါတယ်။ ဒါပေမယ့် အယ်လ်ဒီပီပါတီတွင်းရှိ အဆင့်မြင့်မူဝါဒရေးရာ ကျွမ်းကျင်သူတွေနဲ့ ဆက်ဆံရေးအဆင်ပြေမှု နည်းပါးတာကြောင့် ပါတီစည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ရမယ့်အချိန်မှာ ပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရဖို့ အလားအလာနည်းပါးသူတစ်ဦး ဖြစ်ပါတယ်။

**အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်မှုနည်းလမ်း**

အယ်လ်ဒီပီပါတီရဲ့ ဥက္ကဋ္ဌရွေးချယ်မှုဟာ အယ်လ်ဒီပီပါတီဝင် လွှတ်တော်အမတ်တွေနဲ့ အယ်လ်ဒီပီပါတီဝင် ပြည်သူတစ်သန်းကျော်က မဲပေးရွေးချယ်ကြတာ ဖြစ်ပါတယ်။ မဲပေးရွေးချယ်ရာမှာ နည်းလမ်းနှစ်ခုရှိပါတယ်။ ပထမအကြိမ်ရွေးချယ်မှုမှာ အယ်လ်ဒီပီပါတီဝင် လွှတ်တော်အမတ် ၂၉၅ ဦးရဲ့မဲနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ အယ်လ်ဒီပီပါတီဝင်တွေရဲ့ မဲတွေကနေ အချိုးကျပြောင်းလဲပြီး အယ်လ်ဒီပီပါတီဝင် လွှတ်တော်အမတ် ၂၉၅ ဦးနဲ့ အရေအတွက်တူညီတဲ့ မဲ၊ စုစုပေါင်း ၅၉၀ ကနေ ရွေးချယ်ကြတာဖြစ်ပါတယ်။ ပထမအကြိမ်ရွေးချယ်မှုမှာ ကိုယ်စားလှယ်တစ်ဦးဟာ မဲအရေအတွက် စုစုပေါင်းရဲ့ ၅၀ ရာခိုင်နှုန်းကျော်လွန်ပြီး မဲအများစုရရှိရင် အနိုင်ရရှိမှာဖြစ်ပါတယ်။ ဘယ်ကိုယ်စားလှယ်မှ မဲအရေအတွက်စုစုပေါင်းရဲ့ ၅၀ ရာခိုင်နှုန်း ကျော်လွန်မရရှိခဲ့ရင် ဒုတိယအကြိမ်ရွေးချယ်မှုကို ဆက်လက်ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ဒုတိယအကျော့မှာ ပါဝင်ယှဉ်ပြိုင်နိုင်သူတွေကတော့ ပထမအကြိမ်မဲပေးမှုမှာ မဲအရေအတွက်အများဆုံးရရှိခဲ့သူ ကိုယ်စားလှယ်နှစ်ဦးသာ ဖြစ်ပါတယ်။

ဒုတိယအကြိမ်မဲပေးရာမှာ ပထမအကြိမ်နဲ့ မတူဘဲ အယ်လ်ဒီပီပါတီဝင် လွှတ်တော်အမတ် ၂၉၅ ဦးရဲ့မဲနဲ့ တစ်နိုင်ငံလုံးရှိ ပြည်နယ် ၄၇ ပြည်နယ်က အယ်လ်ဒီပီပါတီဝင်တွေအတွက် တစ်ပြည်နယ်ကို တစ်မဲနဲ့ စုစုပေါင်း ၄၇ မဲ၊ စုစုပေါင်း ၃၄၂ မဲနဲ့ ရွေးချယ်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒုတိယအကျော့ ရွေးချယ်မှုမှာ အယ်လ်ဒီပီပါတီဝင် လွှတ်တော်အမတ်တွေရဲ့မဲက အများစုနဲ့ အဓိကကျသွားပြီဆိုတာကို တွေ့မြင်နိုင်ပါတယ်။

**ပါတီဥက္ကဋ္ဌ ရွေးကောက်ပွဲမတိုင်မီ အခြေအနေ**

အယ်လ်ဒီပီပါတီဥက္ကဋ္ဌရွေးချယ်ပွဲ မပြုလုပ်မီ ဂျပန်နိုင်ငံရေးအခြေအနေကို ပြန်လေ့လာကြည့်ရင် သိသာထင်ရှားတဲ့ အပြောင်းအလဲတွေရှိနေတာကို တွေ့မြင်နိုင်ပါတယ်။ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ကစပြီး ဂျပန်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ရှီဂဲရု အီရှီဘာဟာ စွမ်းဆောင်မှုအားနည်းတယ်ဆိုပြီး ဝေဖန်မှုတွေ ခံခဲ့ရသူဖြစ်ပါတယ်။ ဂျပန်နိုင်ငံရေးလောကကို အကြီးအကျယ်ရိုက်ခတ်ခဲ့တဲ့ လွှတ်တော်အမတ်တွေရဲ့ နိုင်ငံရေးရန်ပုံငွေ ထိမ်ချန်ဖော်ပြမှုဖြစ်စဉ်ကြောင့် အယ်လ်ဒီပီပါတီအပေါ် ပြည်သူလူထုက အပြင်းအထန် ဝေဖန်နေချိန်မှာ ဝန်ကြီးချုပ် အီရှီဘာက လွှတ်တော်အမတ် ၁၅ ဦးကို Gift Voucher အဖြစ် တစ်ယောက်ကို ယန်းတစ်သိန်းစီပေးအပ်ခဲ့တဲ့ ဖြစ်စဉ်ထွက်ပေါ်လာခဲ့ရာ ဝန်ကြီးချုပ် အီရှီဘာဟာလည်း နိုင်ငံရေးရန်ပုံငွေအရှုပ်အရှင်းနဲ့ မကင်းသူတစ်ဦးအဖြစ် ရှုမြင်လာခဲ့ပြီး သူဦးဆောင်တဲ့ အစိုးရအဖွဲ့အပေါ် လူထုထောက်ခံမှုနှုန်းထား သိသိသာသာ ကျဆင်းလာခဲ့ပါတယ်။ ဒ့ါအပြင် နိုင်ငံအတွင်း လူသုံးကုန်ပစ္စည်းတွေ ဈေးနှုန်းမြင့်တက်လာခဲ့ရာ အထူးသဖြင့် နိုင်ငံရဲ့ အဓိကစားသောက်ကုန်ဖြစ်တဲ့ ဆန်ဈေးနှုန်းတွေ မြင့်မားလာခဲ့ခြင်းဟာ ဝန်ကြီးချုပ် အီရှီဘာအတွက် နောက်ထပ်ထိုးနှက်စရာတစ်ခု ဖြစ်လာစေခဲ့ပါတယ်။

ဝန်ကြီးချုပ် အီရှီဘာအနေနဲ့ ဆန်ဈေးနှုန်းတွေကျဆင်းစေဖို့ ရှင်ဂျီရို ကိုအိဇုမိကို လယ်ယာစိုက်ပျိုးရေးဝန်ကြီးအဖြစ် ပြောင်းလဲခန့်အပ်ကာ နိုင်ငံတွင်းရှိ အရန်ဆန်တွေကို ထုတ်ရောင်းပြီး ဆောင်ရွက်ခဲ့တဲ့အတွက် ဆန်ဈေးနှုန်းတွေ အနည်းငယ်ကျဆင်းခဲ့ပေမယ့် ယာယီအဖြေသာဖြစ်ပြီး ရေရှည်မှာ နိုင်ငံရဲ့ ဆန်စပါးစိုက်ပျိုးရေးမူဝါဒမှာ အပြောင်းအလဲတွေ မလွဲမသွေဆောင်ရွက်ဖို့ လိုအပ်နေခဲ့တာ ဖြစ်ပါတယ်။ ဒ့ါအပြင် အမေရိကန်နဲ့ ကုန်သွယ်ခွန်ကိစ္စ ညှိနှိုင်းမှုမှာ ဂျပန်နိုင်ငံအနေနဲ့ အမေရိကန်နိုင်ငံကနေ လက်ရှိဝယ်ယူတင်သွင်းနေတဲ့ ဆန်ပမာဏရဲ့ ၇၅ ရာခိုင်နှုန်း တိုးမြှင့်ဝယ်ယူဖို့အချက် ပါရှိရာ ပြည်တွင်းဆန်စပါး စိုက်ပျိုးထုတ်လုပ်သူတွေရဲ့ မနှစ်သက်မှုကိုလည်း ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဝန်ကြီးချုပ် အီရှီဘာလက်ထက်မှာ စီးပွားရေးအရ မရေမရာဖြစ်မှုအပြင် ခေါင်းဆောင်မှု အားနည်းမှုကြောင့် နိုင်ငံတွင်း ရေရှည်မျှော်မှန်းချက် ပျောက်ဆုံးနေတယ်လို့ ပြည်သူအများစုက ယူဆကြသလို အယ်လ်ဒီပီပါတီအတွင်းမှာလည်း အီရှီဘာရဲ့ ခေါင်းဆောင်မှုအပေါ် ဝေဖန်မှုတွေ များပြားလာခဲ့ပါတယ်။

အထူးသဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့က ကျင်းပခဲ့တဲ့ အောက်လွှတ်တော် ရွေးကောက်ပွဲမှာ အယ်လ်ဒီပီပါတီနဲ့ မဟာမိတ် ကိုမေးတိုးပါတီတို့အနေနဲ့ အမတ်နေရာအများစု လက်လွှတ်ဆုံးရှုံးခဲ့ရခြင်း၊ ၂၀၂၅ ခုနှစ် ဇွန်လ ၂၂ ရက်နေ့က ကျင်းပခဲ့တဲ့ တိုကျိုမြို့နီစီပယ် ရွေးကောက်ပွဲမှာ အယ်လ်ဒီပီပါတီနဲ့ မဟာမိတ် ကိုမေးတိုးပါတီတို့အနေနဲ့ အမတ်နေရာ အများအပြား ဆုံးရှုံးခဲ့ရခြင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ အထက်လွှတ်တော် ရွေးကောက်ပွဲမှာ အယ်လ်ဒီပီပါတီနဲ့ မဟာမိတ် ကိုမေးတိုးပါတီတို့အနေနဲ့ အမတ်နေရာအများစု လက်လွှတ်ဆုံးရှုံးခဲ့ရခြင်းတို့ကြောင့် ရှီဂဲရု အီရှီဘာအပေါ် အယ်လ်ဒီပီပါတီတွင်း မကျေနပ်မှုတွေ ပိုမိုမြင့်တက်လာခဲ့ပါတယ်။

အချိန်ကာလအားဖြင့် တစ်နှစ်အတွင်းမှာ နိုင်ငံတော်အဆင့် အောက်လွှတ်တော်နဲ့ အထက်လွှတ်တော်လို ရွေးကောက်ပွဲနှစ်ခုစလုံးနဲ့ တိုကျိုမြူနီစီပယ်ရွေးကောက်ပွဲတွေမှာ အယ်လ်ဒီပီပါတီနဲ့ မဟာမိတ် ကိုမေးတိုးပါတီတို့ အမတ်နေရာအများစု ဆုံးရှုံးခဲ့ရခြင်းဟာ အယ်လ်ဒီပီပါတီအပေါ် ပြည်သူလူထုရဲ့ ထောက်ခံမှုသိသိသာသာ ကျဆင်းနေတယ်ဆိုတာ ထင်ဟပ်ဖော်ပြနေပါတယ်။ ဒါကြောင့် အယ်လ်ဒီပီပါတီတွင်းမှာ အီရှီဘာရဲ့ ခေါင်းဆောင်မှုအပေါ် မကျေနပ်မှုတွေများပြားလာပြီး ပါတီဥက္ကဋ္ဌရာထူးကနေ နုတ်ထွက်ပေးဖို့ တောင်းဆိုမှုတွေ များပြားလာခဲ့ပါတယ်။ ဒါပေမယ့် ဝန်ကြီးချုပ် အီရှီဘာက ရာထူးမှနုတ်ထွက်ရေးကိစ္စအပေါ် ရှောင်ဖယ်ပြောကြားနေတဲ့အတွက် အယ်လ်ဒီပီပါတီတွင်း ပါတီစည်းမျဉ်းများအရ ပါတီဥက္ကဋ္ဌသစ် ရွေးချယ်ပွဲပြုလုပ်ပြီး ရှီဂဲရု အီရှီဘာအား ဖယ်ရှားရန် ကြိုးပမ်းမှုတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ တစ်နည်းအားဖြင့် အယ်လ်ဒီပီပါတီတွင်း ပါတီဥက္ကဋ္ဌအပေါ် အယုံအကြည်မရှိတဲ့ အဆိုတင်သွင်းတဲ့ပုံစံမျိုး ဖြစ်ပါတယ်။ အထူးသဖြင့် ပါတီအတွင်းက လက်ယာစွန်း နိုင်ငံရေးသမားတွေ၊ ပါတီလူငယ်ရေးရာအဖွဲ့တွေနဲ့ အယ်လ်ဒီပီပါတီပြည်နယ်ရုံးအချို့က ကိုယ်စားလှယ်တွေက ဦးစီးဆောင်ရွက်လာခဲ့ပါတယ်။ ဒီလိုဆက်လက်ဆောင်ရွက်ခဲ့မယ်ဆိုရင် ပါတီတွင်း သဘောထားကွဲလွဲမှုတွေ ပိုမိုများပြားလာပြီး ပါတီရဲ့ စည်းလုံးညီညွတ်မှုကို ထိခိုက်လာစေနိုင်တာကြောင့် ပါတီဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ဟောင်း ယိုရှီဟိ ဒေးဆုဂရဲ့ ဖျောင်းဖျနားချမှုအရ ရှီဂဲရု အီရှီဘာဟာ နောက်ဆုံးမှာ ရာထူးမှ နုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

အခုပြုလုပ်မယ့် အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရာထူးနေရာ ရွေးချယ်မှုရဲ့ ထူးခြားချက်က ယခင်အကြိမ်တွေနဲ့ ကွဲလွဲမှုရှိပါတယ်။ ယခင်အကြိမ်တွေက အယ်လ်ဒီပီပါတီနဲ့ မဟာမိတ် ကိုမေးတိုးပါတီတို့ဟာ အောက်လွှတ်တော်နဲ့ အထက်လွှတ်တော်နှစ်ရပ်စလုံးမှာ အမတ်နေရာအများစုရရှိထားတဲ့အတွက် အယ်လ်ဒီပီပါတီဥက္ကဋ္ဌဟာ ဝန်ကြီးချုပ်ရာထူးရရှိဖို့ သေချာခဲ့ပေမယ့် လက်ရှိမှာတော့ အယ်လ်ဒီပီပါတီနဲ့ မဟာမိတ် ကိုမေးတိုးပါတီတို့ဟာ အောက်လွှတ်တော်ရော အထက်လွှတ်တော်မှာပါ အမတ်နေရာအနည်းစု အနေအထားမှာရှိနေတဲ့အတွက် အတိုက်အခံပါတီတွေဘက်က စုစုစည်းစည်းနဲ့ အမည်စာရင်း တင်သွင်းနိုင်မယ်ဆိုရင် အဆိုပါကိုယ်စားလှယ်လောင်းဟာလည်း အနိုင်ရရှိဖို့ အလားအလာရှိနေတာ ဖြစ်ပါတယ်။ ဒါပေမယ့် အတိုက်အခံပါတီတွေအကြား သဘောထားကွဲပြားမှုတွေ ကြီးကြီးမားမားရှိနေကြတဲ့အတွက် ဒီအလားအလာဟာ မဖြစ်နိုင်လောက်တဲ့အထိ အလွန်မှေးမှိန်နေပါတယ်။

ဒါကြောင့် အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရာထူးနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မယ့် သူတွေအနေနဲ့ ပါတီတွင်းအနိုင်ရရှိရေး ကြိုးပမ်းရုံသာမက တစ်ချိန်တည်းမှာ ပါတီတွင်းအနိုင်ရရှိပါက ပါတီက အမည်စာရင်းတင်သွင်းမယ့် ဝန်ကြီးချုပ်လောင်း အနိုင်ရရှိရေးအတွက် အတိုက်အခံပါတီအချို့ရဲ့ ထောက်ခံမှုကို ရရှိနိုင်ရေးအတွက် အတိုက်အခံပါတီတွေနဲ့လည်း ညှိနှိုင်းဆွေးနွေးမှုတွေပြုလုပ်သွားဖို့ မလွဲမသွေ လိုအပ်လျက်ရှိနေပါတယ်။ ဒ့ါအပြင် ဝန်ကြီးချုပ် ရာထူးရရှိခဲ့ပြီး အစိုးရဖွဲ့နိုင်ခဲ့ပြီ ဆိုရင်တောင်မှ လွှတ်တော်မှာ ဘတ်ဂျက်အဆိုပြုချက်တွေ အတည်ပြုနိုင်ဖို့၊ ဥပဒေမူကြမ်းတွေ တင်သွင်းတဲ့အခါ အတည်ပြုနိုင်ဖို့ အတိုက်အခံပါတီအချို့ရဲ့ ထောက်ခံမှုရရှိရေးဟာ အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။

နောက်တစ်ချက်က ဇူလိုင်လ ၂၀ ရက်နေ့က ကျင်းပခဲ့တဲ့ အထက်လွှတ်တော်ရွေးကောက်ပွဲမှာ အယ်လ်ဒီပီပါတီနဲ့ မဟာမိတ်ကိုမေးတိုးပါတီတို့ အမတ်နေရာအများစု ဆုံးရှုံးခဲ့ရတယ်လို့ ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် အဓိက အတိုက်အခံနိုင်ငံရေးပါတီကြီးဖြစ်တဲ့ Constitutional Democratic Party of Japan (CDPJ) ပါတီဟာလည်း အမတ်နေရာအများစု အနိုင်ရရှိခဲ့ခြင်းမရှိဘဲ ယခင်ရှိပြီးသားအမတ်နေရာ အရေအတွက်အတိုင်းပဲ ရရှိခဲ့ပါတယ်။ အဓိကအနိုင်ရရှိခဲ့တဲ့ ပါတီတွေက လက်ယာစွန်း နိုင်ငံရေးပါတီငယ်လေးတွေသာ ဖြစ်တာကို တွေ့ရှိရပါတယ်။ ပထမနိုင်ငံရေးပါတီကတော့ အမျိုးသားရေးကို ဦးစားပေးတဲ့ အစွန်းရောက် Sanseito Party ဖြစ်ပါတယ်။ Sanseito Party ဟာ ၂၀၂၀ ပြည့်နှစ်ကာလတွေမှာ အွန်လိုင်းကနေတစ်ဆင့် နိုင်ငံရေးလှုပ်ရှားမှုတွေ စတင်ဆောင်ရွက်လာခဲ့ပြီး အထက်လွှတ်တော်ထဲမှာ ကိုယ်စားလှယ် တစ်ဦးရှိနေရာကနေ ဇူလိုင် ၂၀ ရက်နေ့ အထက်လွှတ်တော်ရွေးကောက်ပွဲမှာ ကိုယ်စားလှယ် ၁၅ ဦးအထိ အနိုင်ရရှိခဲ့ပါတယ်။

Sanseito Party ပါတီရဲ့ ဆောင်ပုဒ်က ဂျပန်လူမျိုးသာပထမ (Japanese First) ဖြစ်ပြီး အဓိကမူဝါဒတွေကတော့ ဂျပန်ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဂျပန်ရဲ့ စစ်မှန်တဲ့ စိတ်ဓာတ်ပြန်လည်ထွန်းကားလာစေရေး၊ စားနပ်ရိက္ခာကိုယ်ပိုင်ဖူလုံရေး၊ ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်ကို ဆန့်ကျင်ရေးတို့ ဖြစ်ပါတယ်။ ဒီမူဝါဒတွေထဲမှာ ကာကွယ်ဆေး၊ LGBT အခွင့်အရေး၊ ချူကလီးယားစွမ်းအင်နဲ့ ပြည်ပနိုင်ငံများမှ နိုင်ငံသားများ လာရောက်မှုတွေကို ဆန့်ကျင်ခြင်းတို့လည်း ပါဝင်ပါတယ်။

Sanseito Party ရဲ့ မူဝါဒမှာ လယ်ယာစိုက်ပျိုးရေးဟာ အဓိကအကျဆုံးဖြစ်ပါတယ်။ သူတို့ပါတီအနေနဲ့ ဂျပန်နိုင်ငံရဲ့စားနပ်ရိက္ခာဖူလုံမှုကို နှစ်ဆတိုးမြှင့်သွားနိုင်ဖို့ လာမယ့် ၁၀ နှစ်တာကာလအတွင်းမှာ ယန်း ၁၀ ထရီလီယံ ရင်းနှီးမြှုပ်နှံသွားနိုင်ဖို့ ဆောင်ရွက်သွားမယ်၊ ၂၀၃၀ ပြည့်နှစ်အရောက်မှာ ဂျပန်နိုင်ငံရဲ့ ပြည်နယ်တိုင်းမှာ တစ်နှစ်ပတ်လုံး အရေးပေါ်စားနပ်ရိက္ခာ သိုလှောင်ထားရှိမှု အစီအစဉ်ကို ဖော်ဆောင်သွားမယ်လို့ ထုတ်ဖော်ပြောကြားထားပါတယ်။ ပြည်ပနိုင်ငံများမှ နိုင်ငံသားများ လာရောက်မှုနဲ့ပတ်သက်ပြီး ယဉ်ကျေးမှုဖလှယ်ရေးထက် အမျိုးသားရေးကာကွယ်စောင့်ရှောက်မှုကို ပိုမိုအသားပေးတဲ့မူဝါဒ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံမှာ လူဦးရေ နှစ်စဉ်လျော့ကျပြီး အလုပ်သမားဦးရေ လျော့ကျလာမှုကြောင့် ပြည်ပနိုင်ငံတွေက နိုင်ငံခြားသားအလုပ်သမားတွေ ဝင်ရောက်လာမှုကို မဆန့်ကျင်ပေမယ့် နိုင်ငံခြားသား အလုပ်သမားတွေဟာ မိမိရဲ့လုပ်ငန်းခွင်ကနေ ထွက်ပြေးခြင်း၊ ရာဇဝတ်မှုတွေ ကျူးလွန်လာမှုအပေါ် ပိုမိုပြင်းထန်စွာ ကိုင်တွယ်ဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။ Sanseito Party ဟာ အသက် ၃၀ ကနေ ၅၀ အကြား လူလတ်ပိုင်းတွေရဲ့ ထောက်ခံမှုကို ရရှိနေပါတယ်။ ဇူလိုင်လ ၂၀ ရက် အထက်လွှတ်တော်ရွေးကောက်ပွဲမှာ Sanseito Party ဟာ သူတို့ရည်မှန်းထားတဲ့ ကိုယ်စားလှယ်အရေအတွက်ထက် ပိုမိုအနိုင်ရရှိခဲ့တဲ့အတွက် ဂျပန်နိုင်ငံရဲ့ နိုင်ငံရေးမှာ အမျိုးသားရေးကို ဦးစားပေးတဲ့ နိုင်ငံရေးအင်အားစုတစ်ရပ် ပေါ်ထွက်လာပြီလို့ ပြောနိုင်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဖြူးမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း(ဆီထွက်သီးနှံ)ချေးငွေထုတ်ချေး

**ဖြူး စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရေအိုးစင်ကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်း(ဆီထွက်သီးနှံ) ဆဋ္ဌမအကြိမ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်သည်။

မြစိမ်းရောင် ရန်ပုံငွေထုတ်ချေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်စီမံကိန်းမတည်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက စိုက်ပျိုးရေးကဏ္ဍဖြစ်သည့် မြစိမ်းရောင်(ဆီထွက်သီးနှံ)စီမံကိန်း အသင်းသား ၉၂ ဦး၏ နေကြာစိုက်ဧက ၂၈၇ ဧကနှင့် မတ်ပဲစိုက်ဧက ၂၅၈ ဧကတို့အတွက် ရန်ပုံငွေကျပ် ၃၂၅၀၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်းဖြစ်သူ Dr. Khalid Bin Mohammed Al Attiyah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ နည်းပညာ၊ စွမ်းအင်နှင့် သတ္တုတူးဖော်ရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ကာတာနိုင်ငံ ကုမ္ပဏီများအတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ထောက်လုပ်ဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် အင်္ဂလိပ်စာရေးဖြေစာမေးပွဲ အောင်မြင်သူများအား ကွန်ပျူတာဆန်းစစ်မှုနှင့် လူတွေ့နှုတ်ဖြေ ဖြေဆိုနေမှု ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၃၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သတ်မှတ်နေရာများ၌ ကျင်းပလျက်ရှိသည့် လက်ထောက် လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် ကွန်ပျူတာဆန်းစစ်မှုနှင့် လူတွေ့နှုတ်ဖြေ ဖြေဆို ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု အားပေးပြီး



ကွန်ပျူတာဆန်းစစ်ဖြေဆိုရာတွင် စက်များချွတ်ယွင်းမှု မရှိစေရေးနှင့် မေးမြန်းသည့် မေးခွန်းများအပေါ် နားလည်သဘောပေါက်မှု ရှိစေရေး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်ပေးရန် မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဝန်ထမ်းများ ဖြည့်တင်းနိုင်ရန် လက်ထောက် လူဝင်မှုကြီးကြပ်ရေးမှူး ရာထူး အမျိုးသား၊ အမျိုးသမီး ၁၅၀ ခန့်ထားနိုင်ရေးအတွက် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားသူများအား စက်တင်ဘာ ၆ ရက်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များရှိ သတ်မှတ်နေရာများ၌ အင်္ဂလိပ်စာ ရေးဖြေစာမေးပွဲများကို တစ်ပြိုင်တည်းကျင်းပခဲ့ပြီး အင်္ဂလိပ်စာရေးဖြေ စာမေးပွဲ အောင်မြင်သူများကို ကွန်ပျူတာဆန်းစစ်မှုနှင့် လူတွေ့နှုတ်ဖြေ ဖြေဆိုမှုများကို နေပြည်တော်ရှိ သတ်မှတ်နေရာများ၌ ကျင်းပကာ စစ်ဆေးမှုအောင်မြင်သူများအား လက်ထောက် လူဝင်မှုကြီးကြပ်ရေးမှူး ရာထူးဖြင့် ခန့်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ကိစ္စရပ်များ၊ နိုင်ငံတကာမျက်နှာစာ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ တာဝန်ရှိသူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၆ ရက်နေ့အတွင်း မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာလ ၇ ရက်နေ့မှ ၁၂ ရက်နေ့အတွင်း မြန်မာနိုင်ငံတောင်ပိုင်း ဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် နှစ်ပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ငါးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခွဲခန့်၊ ဝေန်မြစ်ရေသည် ပုသိမ်မြို့တွင် တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည့် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေခွဲခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# Naypyitaw State Academy မှ ဥပဒေအထူးပြု ကျောင်းသား ကျောင်းသူများအတွက် ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့သင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၃၀**

Naypyitaw State Academy မှ ဥပဒေအထူးပြု ကျောင်းသား ကျောင်းသူများအတွက် ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့သင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး)၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အထူးသဖြင့် Naypyitaw State Academy မှ ဥပဒေပညာအထူးပြု ကျောင်းသားများအတွက် လုပ်ငန်းခွင်သင်တန်း Internship ကို ဖွင့်လှစ်ခဲ့သည်မှာ သင်တန်းအမှတ်စဉ်(၂) ရှိပြီးဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၏ (၂၀၁၅-၂၀၁၉) မဟာဗျူဟာသည် **“တရားဥပဒေစိုးမိုးရေးဆီသို့” “Moving Forward to the Rule of Law”**၊ (၂၀၂၀-၂၀၂၄) တွင် **“Providing Legal Service For Justic” “တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု”** ဖြစ်ကြောင်း၊ (၂၀၂၅-၂၀၂၉) ခုနှစ်တွင် **“ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်” “Building legal Trust for the People”** ဆိုသည့် မဟာဗျူဟာချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မဟာဗျူဟာများ၏ အစီအစဉ်တစ်ခုဖြစ်သော ဥပဒေရေးရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတက္ကသိုလ်အသီးသီးတွင်ရှိသည့် ဥပဒေပညာဌာန၏ ကျောင်းသား ကျောင်းသူများကို လုပ်ငန်းခွင် လက်တွေ့သင်တန်းများပေးမည်ဆိုသည့် ရည်မှန်းချက် တစ်ခုပါဝင်ကြောင်း၊ နောက်ပိုင်းတွင် Naypyitaw State Academy သာမကပဲ အခြားသော တက္ကသိုလ်အသီးသီး၏ ဥပဒေကျောင်းသား ကျောင်းသူများကို ဖိတ်ကြားသွားမည်ဖြစ်ကြောင်း။

ယခု သင်တန်းတက်နေသည့် ကျောင်းသား ကျောင်းသူများက နိုင်ငံတော်အစိုးရ၏ ဥပဒေရေးရာကိစ္စရပ်များကို ဆောင်ရွက်နေသော ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို ဗဟုသုတအနေဖြင့် မဖြစ်မနေသိထားသင့်ကြောင်း၊ အမှတ်စဉ်(၁)သင်တန်းကို ၂၀၂၄ ခုနှစ်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခုနှစ်သင်တန်းတွင် ဥပဒေရေးရာဝန်ကြီးဌာနအပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အမျိုးသားစာကြည့်တိုက်၊ ပျဉ်းမနားခရိုင် ဥပဒေရုံး၊ ဇမ္ဗူသီရိမြို့နယ်ဥပဒေရုံးနှင့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း LAC သို့ လေ့လာရေး စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဥပဒေပညာသည် အရေးပါသောကြောင့် ယခုသင်ကြားလိုက်သည့် စာတွေ့လက်တွေ့ ဗဟုသုတများကို ကျောင်းသား ကျောင်းသူများ၏ ရှေ့ဆက်မည့် ဥပဒေပညာသင်ကြားမှုတွင် လိုအပ်သလိုအသုံးချရန်နှင့် မိမိအတွက်သော်လည်းကောင်း၊ အနာဂတ်တွင် မိမိအလုပ်လုပ်မည့်ဌာနများအတွက်သော် လည်းကောင်း၊ နိုင်ငံတော်အတွက်သော်လည်းကောင်း အကျိုးရှိစွာအသုံးချနိုင်ရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် Naypyitaw State Academy ပါမောက္ခချုပ်က Naypyitaw State Academy ၏ သင်ကြားမှုပုံစံများကို ရှင်းလင်းတင်ပြပြီး သင်တန်းသား သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ကာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဥပဒေပညာရပ်ဆိုင်ရာ သင်တန်းအမှတ်စဉ်(၂) ကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ ရက်သတ္တခြောက်ပတ်ကြာ လက်တွေ့သင်ကြားပို့ချပေးသွားမည်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးရဲတင့် အင်းစိန်မြို့နယ်ရှိ ပုံနှိပ်စက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအောက် ပုံနှိပ်စက်ရုံများသို့ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ရောက်ရှိပြီး စက်ရုံမှူးများနှင့် အရာထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဆက်လက်၍ ဂျီတီစီပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံနှင့် အောင်ဆန်း ပုံနှိပ်စက်ရုံတို့တွင် ရွေးကောက်ပွဲဆိုင်ရာ ပုံနှိပ်လုပ်ငန်းများ၊ ကျောင်းသုံးစာအုပ်နှင့် ဌာနဆိုင်ရာများမှ အပ်နှံသည့် ပုံနှိပ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား အမှားအယွင်း ချို့ယွင်းအားနည်းချက်မရှိအောင် အဆင့်ဆင့်စိစစ်ဆောင်ရွက်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ အချိန်မီပြီးစီးရေးနှင့် စက်ရုံသန့်ရှင်းရေး၊ ပုံနှိပ်စက်များ ရေရှည်အသုံးပြုနိုင်အောင် ပြုပြင်ထိန်းသိမ်းရေး၊ မီးဘေးအန္တရာယ်နှင့် လုံခြုံရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**သတင်းစဉ်**



## စစ်တွေမြို့နယ်အတွင်းရှိ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများနှင့်တွေ့ဆုံ

**စစ်တွေ စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမျိုးသန့်ခြံတွင် ကျင်းပသည်။

ဦးစွာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် တောင်သူများက လိုအပ်ချက်များ တင်ပြကြရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စစ်တွေမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ ဟင်းသီးဟင်းရွက် စိုက်ပျိုးသည့် တောင်သူများ တက်ရောက်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဟင်းသီးဟင်းရွက်မျိုးစေ့နှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## လေပွေလှိုင်း၏ အကြွင်းအကျန်တိမ်တိုက်များ လေဖိအားနည်းမြောင်းတန်းအဖြစ် သွယ်တန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဖြစ်ပေါ်ခဲ့သော လေပွေလှိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားလျော့သွားခဲ့သည်။ လေပွေလှိုင်း၏ အကြွင်းအကျန်တိမ်တိုက်များသည် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် လေဖိအားနည်းမြောင်းတန်းအဖြစ် သွယ်တန်းလျက်ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **မြန်မာ့အလင်း**

## အောင်လံမြို့၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**အောင်လံ စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ မီးလောင်မှု၊ မီးလုန့်မှုများ မဖြစ်ပွားစေရေးအတွက် ပွင့်လင်းရာသီ ရောက်ရှိလာတော့မည်ဖြစ်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီက မြို့ပေါ်ရှိ အသေးစားစက်မှုလက်မှု လုပ်ငန်းများအား ဒုတိယမီးသတ်ဦးစီးမှူး ဦးနေဖြိုးဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။



ထိုသို့စစ်ဆေးရာတွင် အသေးစားစက်မှုလက်မှု လုပ်ငန်းများရှိ မီးဘေး ကြိုတင်ကာကွယ်ရေးများဖြစ်သော မီးသတ်ဆေးဘူးများ၊ အရေးပေါ်အချက်ပေးစနစ်များ၊ အရေးပေါ် ထွက်ပေါက်စနစ်များ၊ ရေရရှိရေးစနစ်များ ကောင်းမွန်ခြင်း ရှိမရှိနှင့် မီးလောင်မှု၊ မီးလုန့်မှုဖြစ်ပွားပါက အသင့်အနေအထားဖြစ်စေရေး စစ်ဆေးကြပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် စက်တင်ဘာ ၃၀**

ယနေ့ နံနက် ၇ နာရီ ၁၀ မိနစ်၊ ၁၂ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ အရှေ့-အရှေ့တောင်ဘက် ၄၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖောင်းပြင်မြို့၏ အရှေ့တောင်ဘက် ၁၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၄ ဒသမ ၁၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၉၅ ဒီဂရီ၊ အနက် ၆၅ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**မြန်မာ့အလင်း**

## ကော့သောင်းမြို့၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းဆင်းပွဲကျင်းပ

**ကော့သောင်း စက်တင်ဘာ ၃၀**

ကော့သောင်းမြို့၌ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသော လူသုံးကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုးထက်အောင်က သင်တန်းကိစ္စနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက ငါးရက်တာ သင်တန်းတက်ရောက်ပြီးစီးခဲ့သည့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းကာလအတွင်း ပြုလုပ်ခဲ့သည့် လူသုံးကုန်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)၏ (၂၈)ကြိမ်မြောက် ပန်းချီ၊ ပန်းပု ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူစင်တင် တင်ဆက်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ၏ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် (၂၈)ကြိမ်မြောက် ဘွဲ့ယူမည့် ပန်းချီ၊ ပန်းပုကျောင်းသား ကျောင်းသူများ၏ လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ကျောင်းသား ကျောင်းသူများ၏ စင်တင်တင်ဆက်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဧည့်သည်တော်များက ပန်းချီ ပန်းပုကျောင်းသား ကျောင်းသူများ၏ဘွဲ့ယူလက်ရာမွန်များကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မှာကြားစကား ပြောကြားပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ပါမောက္ခချုပ် ဒေါက်တာ ကေသီထွေးက အမှာစကား ပြောကြားသည်။

ထို့နောက် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ် ကျောင်းသား ကျောင်းသူများက စွမ်းရည်ပြ ဖျော်ဖြေတင်ဆက်ကြရာ ဂီတ ပညာဌာနမှ ကျောင်းသား ကျောင်းသူများက “မောင်မယ်စုံစွာ ဆိုင်းမဟာ”၊ “ရှစ်ခန်းအလှစီ ယိုးဒယားမည်”၊ “ကျေးလက်ရိုးရာ မြတ်နိုးမှာ"၊ “ပေါင်းစည်းညီညာတို့ရိုးရာ”၊ သဘင်ပညာဌာနမှ ကျောင်းသား၊ ကျောင်းသူများက “ပွဲဦးရွှင်ပျော် ကျော်(၄)ကျော်”၊ “ကြာမျိုးငါးလီ ခင်ပျိုမဒီ(ယိမ်းအက)”၊ “လက်ဆင့်ကမ်းစေ ရုပ်သေးအမွေ”၊ “ပေါင်းစည်းညီညာတို့ရိုးရာ”၊ “ပရဟိတ မောင်မာဃ (ဇာတ်တော်ကြီး)”၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနမှ ကျောင်းသား ကျောင်းသူများက “လောဘကွန်ရက် (ပြဇာတ်)”၊ “ပြင်ဆင်ခွင့်” နှင့် “ခေတ္တ”ရုပ်ရှင် ဇာတ်ကားတို့ဖြင့် ဖျော်ဖြေ တင်ဆက်ကြရာ ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြသည်။

ယင်းနောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)သို့ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသည့် ဂုဏ်ပြုအလှူငွေများကို ပေးအပ်လှူဒါန်းရာ **(အပေါ်ယာပုံ)** ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက လက်ခံရယူပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်ကျောင်းသား ကျောင်းသူများအား ဧည့်သည်တော်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) သည် အနုပညာ၊ ယဉ်ကျေးမှု ဘက်စုံ တတ်မြောက်သည့် ကျောင်းသား ကျောင်းသူများအား မွေးထုတ်ပေးခဲ့သည်မှာ နှစ်ပေါင်း (၃၀) ကျော်ခဲ့ပြီဖြစ်သည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ထိ ဘွဲ့နှင်းသဘင်ကို (၂၅) ကြိမ်မြောက်အထိ ကျင်းပပြီးစီးခဲ့ပြီး ဝိဇ္ဇာဘွဲ့ ၂၆၇၃ ဦး၊ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ ၃၈၄ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၁၁၉ ဦး၊ မဟာဝိဇ္ဇာဘွဲ့(Earn Degree) ၁၈ ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၉၂၁ ဦး၊ အနုပညာကွန်ပျူတာဒီပလိုမာဘွဲ့ ၂၈၁၄ ဦး၊ ဂုဏ်ထူးဆောင် ဝိဇ္ဇာဘွဲ့ ၇၂ ဦး၊ ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့ ၃၇ ဦး၊ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ၂၅ ဦးတို့အား ချီးမြှင့်အပ်နှင်းပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၁၂/ ၂၀၂၅)

ယနေ့ကမ္ဘာကြီးတွင် သက်ကြီးပုဂ္ဂိုလ်အရေအတွက်သည် နေ့စဉ်နှင့်အမျှ ပိုမိုများပြားလာသည့်အတွက် ၎င်းတို့၏ ဂုဏ်သိက္ခာနှင့်အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရများက သတိပြုလာကြပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင်လည်း သက်ကြီးပုဂ္ဂိုလ်များအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် လိုအပ်သည့် လူမှုအထောက်အပံ့များ အပါအဝင် ကိုယ်စိတ်နှစ်ဖြာ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လုံလောက်သော လူနေမှုအဆင့်အတန်းကို ရပိုင်ခွင့်ရှိသည့်အပြင် အသက်မွေးဝမ်းကျောင်း မပြုနိုင်ခြင်းတို့ ဖြစ်ပေါ်ခဲ့လျှင် ဘဝလုံခြုံမှု ရပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားပါသည်။

ထို့ပြင် သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးကို ကာကွယ်ပေးနိုင်ရန် အလို့ငှာ ၁၉၉၁ ကုလသမဂ္ဂသက်ကြီးပုဂ္ဂိုလ်များဆိုင်ရာအခြေခံမူများအပါအဝင် သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လုပ်ငန်းစီမံချက်များနှင့်ဒေသတွင်း ကြေညာစာတမ်းများတွင်လည်း သက်ကြီးပုဂ္ဂိုလ်များအား ခွဲခြားဆက်ဆံခံရမှုမရှိစေဘဲ ၎င်းတို့၏ ဂုဏ်သိက္ခာ၊ တန်းတူညီမျှမှု၊ ကျန်းမာရေး၊ လူမှုအာမခံ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်၊ မိသားစုအခြေပြုစောင့်ရှောက်မှု စသည့်အခွင့်အရေးများကို ဖော်ပြထားသည်။

သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကိုမြှင့်တင်ရန် ကုလသမဂ္ဂအထွေထွေညီလာခံသည် နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အဖြစ် ၁၉၉၀ ပြည့်နှစ်တွင် စတင်သတ်မှတ်ခဲ့ပြီး နှစ်စဉ်ဦးတည်ချက် ဆောင်ပုဒ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ယခုနှစ်၏ ဆောင်ပုဒ်မှာ **“Older Persons Driving Local and Global Action: Our Aspirations, Our Well–Being and Our Rights” (ဘဝချမ်းသာအခွင့်အရေးများ ရရှိရေး သက်ကြီးသူများ ဦးဆောင်ပါဝင်ပေး)** ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က) တွင် နိုင်ငံတော်သည် အိုမင်းမစွမ်းသူများကို ကြည့်ရှုစောင့်ရှောက်ရန် ပြဋ္ဌာန်းထားပြီး၊ ၂၀၁၆ ခုနှစ် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၌လည်း အသက် ၆၀ နှစ်နှင့်အထက် မြန်မာနိုင်ငံသားအားလုံးကို အထူးစောင့်ရှောက်မှုများ ရရှိစေရန်၊ သဘာဝဘေးအန္တရာယ်များနှင့် ကပ်ရောဂါများဖြစ်ပွားချိန်၌ သက်ကြီးပုဂ္ဂိုလ်များအတွက် အထူးအလေးထားဆောင်ရွက်ရန် စသည်တို့ကို ပြဋ္ဌာန်းထားသည်။

နိုင်ငံတော်သည် သက်ကြီးပုဂ္ဂိုလ်များအား ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဖူလုံရေးထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကလည်း သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို မြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် သင်ခန်းစာများ ပို့ချလျက်ရှိပြီး၊ ကော်မရှင်ဥပဒေပုဒ်မ ၄၃ နှင့် ၄၄ တို့အရ ဘိုးဘွားရိပ်သာများ၊ သက်ကြီးပုဂ္ဂိုလ် နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများသို့ သွားရောက်ပြီး ၎င်းတို့အား လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်းရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာဌာနများသို့ အကြံပြုချက်များ ပေးပို့လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ်အတွင်း ဘိုးဘွား ရိပ်သာ (၈) ခုနှင့် သက်ကြီးပုဂ္ဂိုလ် နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (၁) ခုတို့ကို သွားရောက်ကြည့်ရှုခဲ့သည်။

သက်ကြီးပုဂ္ဂိုလ်များသည် ၎င်းတို့၏ တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံ၊ အတတ်ပညာ၊ အသိပညာ စွမ်းဆောင်ရည်များဖြင့် မျိုးဆက်သစ်များအတွက် လူမှုစီးပွားဘဝ တည်ဆောက်ရေးကဏ္ဍစုံတွင် ဦးဆောင်ပါဝင်ကြရန်နှင့် သက်ဆိုင်သူများ အားလုံးက သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို လေးစားကာကွယ်စောင့်ရှောက်ပေးနိုင်ကြပါရန် တိုက်တွန်းလျက် ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုကြိုဆိုအပ်သည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## မိုင်းပျဉ်းမြို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အကြို မြို့နယ်အဆင့် ကဗျာနှင့်စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မိုင်းပျဉ်း စက်တင်ဘာ ၃၀**

မိုင်းပျဉ်းမြို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒုတိယမြို့နယ် ပညာရေးမှူး ဦးကျော်လွင်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲများကို စတင်ရာ ကဗျာပြိုင်ပွဲတွင် မူလတန်းအဆင့် ခြောက်ဦး၊ အလယ်တန်းအဆင့်လေးဦး၊ အထက်တန်းအဆင့် ခုနစ်ဦးနှင့် စာစီစာကုံးပြိုင်ပွဲတွင် မူလတန်းအဆင့် ခြောက်ဦး၊ အလယ်တန်းအဆင့် သုံးဦး၊ အထက်တန်းအဆင့် ခြောက်ဦး၊ စုစုပေါင်း



ကျောင်းသား ကျောင်းသူ ၃၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**နန်းသန္တာဦး (ပြန်/ဆက်)**

*✻ ကျောပုံးမှ*

အမှတ်(၁) ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး) ကို ၂၀၂၃ ခုနှစ်က စက်ချွတ်ယွင်း၍ ရပ်ဆိုင်းခဲ့ရသော်လည်း ယခုအခါ စက်ရုံကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြင်ဆင်မှုများဆောင်ရွက်ပြီး စက်ရုံပြန်လည် လည်ပတ်နိုင်ခဲ့သဖြင့် အဆိုပါစက်ရုံမှထုတ်လုပ်သည့် ဓာတ်ဆီ (RON 77) ကိုလည်း တစ်လီတာလျှင် ငွေကျပ် ၂၂၄၅ ကျပ်နှုန်းဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၃၅၄)တွင် အောက်တိုဘာ ၁ ရက်မှစတင်ကာ အများပြည်သူသို့ လွတ်လပ်စွာထပ်မံဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိစက်သုံးဆီအရောင်းဆိုင် အမှတ်(၀၃၅၄)တွင် ပြည်တွင်းထုတ်ဓာတ်ဆီများဖြစ်သည့် (RON 68) နှင့် (RON 77) တို့ကို ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ပြီဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော် သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူပွဲနှင့် သီလရှင်ဆရာကြီး ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**မုံရွာ စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မုံရွာမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီး ခုနစ်တိုက်မှ ဆရာတော် သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်းလောင်းလှူပွဲနှင့် သီလရှင်ကျောင်းတိုက် ငါးကျောင်းမှ သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်းများလောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်း ကျင်းပသည်။ (ယာပုံ)



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ နှင့်အရာထမ်း၊အမှုထမ်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့ နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ မိသားစုဝင်များ၊ မုံရွာမြို့ပေါ်ရှိ စားသောက်ဆိုင်များ၊ MSME လုပ်ငန်းရှင်များ၊ ဆန်/ဆီကုန်သည်ကြီးများအသင်း၊ ရေယာဉ်လိုင်းများနှင့် အလှူရှင်များက ပင့်သံဃာဆရာတော် သံဃာတော်များအား ဆွမ်း၊ဆွမ်းဟင်း၊ သစ်သီး၊ အချိုပွဲများနှင့် ဝတ္ထုငွေများကို လောင်းလှူခဲ့ကြပြီး သီလရှင်ဆရာကြီး၊ ဆရာလေးများကို ဆွမ်းဆန်စိမ်း၊ စားသုံးဆီနှင့် ဝတ္ထုငွေများကို ဆက်ကပ်လောင်းလှူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးအတွင်းရှိ ရေဦးမြို့နယ်မှ အသက်အကြီးဆုံးအဘိုး ဦးထွန်း၏ကိုယ်စား အဘိုးတစ်ဦးထံ အလှူငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက က တိုင်းဒေသကြီး အတွင်းရှိကျွန်းလှမြို့နယ်မှ အသက်အကြီးဆုံးအဘွား ဒေါ်သန်းရင်၏ကိုယ်စား အဘွားတစ်ဦးထံ အလှူငွေကျပ် သုံးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(မုံရွာ)မှ သင်တန်းသူများ၏ တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများက အခမ်းအနားသို့ တက်ရောက်လာကြသည့် သက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွား ၁၁၅ ဦးထံ အလှူငွေများ၊ ဆေးများနှင့် အသုံးဆောင်ပစ္စည်းများ လက်ရောက်ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မုံရွာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တက်ရောက်လာကြသည့် သက်ကြီးပုဂ္ဂိုလ်များအား ဆီးချို/သွေးချိုရောဂါ၊ သွေးတိုးရောဂါ၊အကြောနာအကြောတက်ရောဂါ၊နှလုံးရောဂါ၊ ချောင်းဆိုးရင်ကျပ်ရောဂါများကို စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးရှိ ခာတ်ခွဲခန်းအတွင်း လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတားလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား လုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ငလျင်ကြောင့် ဧရာဝတီတံတား (ရတနာပုံ) မန္တလေးဘက်ခြမ်း RP2 နှင့် RP7 ရေလည်တိုင် ခြောက်တိုင်ရှိ သံပေါင်ချုပ်တန်းများ ပျက်စီးခဲ့မှုကို အသစ်အစားထိုး လဲလှယ်တပ်ဆင်ပြီးစီးမှု၊ Connection Plate နှင့် Gusset Plate Point အသစ်လဲလှယ်တပ်ဆင်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှု အပေါ် ဒုတိယဝန်ကြီးက ဧရာဝတီတံတား(ရတနာပုံ)သည် တိုင်းဒေသကြီးနှစ်ခုကို အဓိက ဆက်သွယ်ပေးထားသည့် တံတားတစ်စင်းဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် အရေးကြီးသည့်အတွက် ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်၊ လုပ်ငန်းစဉ်အဆင့်ဆင့်ကို စနစ်တကျဆောင်ရွက်ထားရန်၊ လုပ်ငန်းဆောင်ရွက်ခဲ့သည့်အခြေအနေတို့ကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရန်၊ ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာအသုံးပြုနိုင်စေရေးအတွက် နေ့စဉ်စောင့်ကြည့်စစ်ဆေးသွားရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် မန္တလေး တက္ကသိုလ် တက္ကသိုလ်ရုံးခန်း အစည်းအဝေးခန်းမ၌ မန္တလေးတက္ကသိုလ်မှ တာဝန်ရှိသူများက ရာပြည့်သဘင် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ဦးစီးဆပ်ကော်မတီများအလိုက် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မန္တလေးငလျင်ကြောင့် ပျက်စီးသွားသော တက္ကသိုလ်ပင်မဆောင်နှင့် ဘွဲ့နှင်းသဘင်ခန်းမတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း(MDA) နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်(MCEF)တို့က ပြုပြင်ဆောင်ရွက်နေသော လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ရာပြည့်သဘင် အခမ်းအနားအမီ လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရန်၊ လုပ်ငန်းဆောင်ရွက်ရာတွင် ရေးမူမပျက်ဆောင်ရွက်ရန် နှင့် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းစဉ် SOP အတိုင်းဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ထားရှိရန်၊ ဥပမိရုပ်ကောင်းမွန်ရေးပြင်ဆင်ထားရန် မှာကြားပြီး အခမ်းအနားဆောင်ရွက်မည့် လမ်းတစ်လျှောက် လမ်းဘေးဝဲယာနှင့် ဘွဲ့နှင်းသဘင်ခန်းမအတွင်း အခမ်းအနား အစီအစဉ်ဆောင်ရွက်နေမှုတို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် စက်တင်ဘာ ၃၀**

ယနေ့ ည ၈ နာရီ ၂၉ မိနစ် ၄၉ စက္ကန့်အချိန်တွင် နေပြည်တော် မြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၁၉၆၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Leyte, Philippines) မြောက်လတ္တီတွဒ် ၁၁ ဒသမ ၀၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၂၄ ဒသမ ၂၇ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၆ ဒသမ ၉ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

**မိုး/ဇလ**

## လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၃၀**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

❑ *ကျောဖုံးမှ*

စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိပေ။ ဝက်စ်ဟမ်းအသင်းဂိုးသမား အရီယိုလာ လက်စွမ်းပြသနိုင်ခဲ့ပြီး အဲဗာတန်အသင်း၏ ဂိုးရရှိနိုင်သည့်အခွင့်အရေးများကို ဟန့်တားကာကွယ်နိုင်ခဲ့သည်။

ဝက်စ်ဟမ်းအသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲကစားချိန် ၆၅ မိနစ်တွင် ရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို ဘိုဝင်က သွင်းယူပေးခဲ့သည်။ တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက် လူစားပြောင်းလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ခြေကုန်ထုတ်လာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ပေ။

အဲဗာတန်အသင်းသည် ပရီမီယာလိဂ် ခြောက်ပွဲကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနှင့် နှစ်ပွဲရှုံးရလဒ် ရရှိထားသည်။ ပြိုင်ဘက်ဝက်စ်ဟမ်းအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေနှင့် လေးပွဲရှုံးရလဒ်ဖြင့် တန်းဆင်းဇုန်အတွင်း ရပ်တည်နေသည်။ လာမည့်ပွဲစဉ်တွင် အဲဗာတန်အသင်းက ခြေစွမ်းထက်မြက်နေသည့် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက်ဝက်စ်ဟမ်းအသင်းက နာမည်ကြီး အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ပထမအကြိမ်မဲစာရင်းကပ်ထားကြေညာမှုအား ကြည့်ရှုစစ်ဆေး ဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်

**ဘားအံ စက်တင်ဘာ ၃၀**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရပ်ကွက်/ကျေးရွာ အုပ်စုများအတွင်း ပထမအကြိမ်အခြေခံမဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ အမှတ်(၆)ရပ်ကွက်၊ ပြည်ထောင်စုရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံး၊ အမှတ်(၉)ရတနာဒီပရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး၊ အမှတ်(၅) မာန်အောင်ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ အမှတ်(၁)ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး သရက်တော၊ မြိုင်သဇင်၊ ကြာအင်းရပ်ကွက်တို့မှ အခြေခံမဲဆန္ဒရှင်စာရင်းများ ပထမအကြိမ်ကပ်ထားကြေညာထားရှိမှု၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ဒေသခံပြည်သူများ မဲစာရင်းလာရောက်ကြည့်ရှုရာတွင် လွယ်ကူအဆင်ပြေစေရေး ကူညီဆောင်ရွက်ပေးနေမှု၊ မဲစာရင်း လာရောက်ကြည့်ရှုရာတွင် မိမိအမည်မဲစာရင်းတွင်မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းတောင်းဆိုနိုင်ရေး၊ မဲစာရင်းတွင်မပါဝင်သင့်သူများတွေ့ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်နိုင်ရေး၊ မဲစာရင်းပါအချက်အလက်များမှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများမှ လိုအပ်သော ပုံစံများအားပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲစာရင်းလာရောက်ကြည့်ရှုနိုင်ရေး တိုက်တွန်းနှိုးဆော်ပေးကြရန်၊ မဲစာရင်းလာရောက်ကြည့်ရှုသူများ အနှောင့်အယှက်ကင်းစွာဖြင့် စိတ်အေးချမ်းသာစွာကြည့်ရှုနိုင်ရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးကြရန်၊ မဲစာရင်းဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ပြီးပါက ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် နောက်ဆုံးအကြိမ်ထပ်မံကပ်ထားကြေညာမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများက လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ဆောင်ရွက်နိုင်ရန် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးလူတစ်ဦး မဲစာရင်းလာရောက်ကြည့်ရှုနိုင်ရေး နှိုးဆော်ပေးကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဘားအံမြို့ လှာကမြင်ကွက်သစ်ဇွဲကပင်အားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် ပညာရေးဌာနအသင်း၊ အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် ပြည်နယ်လဝကအသင်းနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြပြီး အမျိုးသမီးဗိုလ်လုပွဲစဉ်တွင် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းက သုံးပွဲပြတ်၊ အမျိုးသားဗိုလ်လုပွဲစဉ်တွင် ပြည်နယ်လဝကအသင်းက သုံးပွဲ-တစ်ပွဲတို့ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး ဗိုလ်လုပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အသင်းများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဥတ္တရသီရိမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျချောင်းရေမြင့်တက်လာပြီး ရေဝင်ရောက်မှုအခြေအနေများအား နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် စင်တင်ဘာ ၃၀**

ဥတ္တရသီရိမြို့နယ် မိုးစွေကျေးရွာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျချောင်းရေမြင့်တက်လာပြီး ကျေးရွာအတွင်း ရေဝင်ရောက်မှုအခြေအနေများအား နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် သွားရောက် ကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်မှုဒဏ် ခံရသော အိမ်ထောင်စုများမှ မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့သည် မိုးစွေကျေးရွာ ချောင်းကူးတံတား ရေစီးဆင်းမှုအခြေအနေများ၊ နေအိမ်များအတွင်း ရေဝင်ရောက်မှုအခြေအနေများနှင့် ကျေးရွာချင်းဆက်ကျောက်ချောမြေသားလမ်း ရေတိုက်စားမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မိုးစွေကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ ရေဝင်ရောက်မှုဒဏ်ခံရသော အိမ်ထောင်စုများမှ မိသားစုများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ကြရန်၊ တာဝန်ရှိသူများက သဘာဝဘေးကျရောက်လာပါက ဘေးကင်းစေရန် ကူညီကယ်ဆယ်ရေး နည်းလမ်းများ အသိပညာပေးဆောင်ရွက်ရန်၊ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အတွက် ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားရေး ကျန်းမာရေးဌာနမှ လိုအပ်သည်များဆောင်ရွက်ရန်၊ သဘာဝဘေးဒဏ်ခံနိုင်ရေးအတွက် ရတနာတန်းဝင်သစ်ပင်များနှင့် နှစ်ရှည်ပင်များ တိုးချဲ့စိုက်ပျိုးရန် မှာကြားပြီး ရေဝင်ရောက်မှုဒဏ် ခံရသော အိမ်ထောင်စုများမှ မိသားစုများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိထိရောက်ရောက်နှိမ်နင်း ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် နီပေါနိုင်ငံသား ခုနစ်ဦး၊ တောင်အာဖရိကနိုင်ငံသား လေးဦး၊ တရုတ်နိုင်ငံသား နှစ်ဦး၊ သီရိလင်္ကာနိုင်ငံသား နှစ်ဦး၊ ကင်မရွန်းနိုင်ငံသားတစ်ဦး၊ အီသီယိုးပီးယားနိုင်ငံသားတစ်ဦး၊ ဇင်ဘာဘွေနိုင်ငံသားတစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၈ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းနေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၃၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၂၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)မှ ဆက်ကပ်လှူဒါန်း ပူဇော်သော ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ရည်ဘွဲ့များချီးမြှင့်ခြင်းနှင့် ဩဝါဒခံယူပွဲ အခမ်းအနားတက်ရောက်

**မော်လမြိုင် စက်တင်ဘာ ၃၀**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)မှ ဆက်ကပ်လှူဒါန်းပူဇော်သော ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ရည်ဘွဲ့များချီးမြှင့်ခြင်းနှင့် ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မော်လမြိုင်မြို့ ပရိယတ္တိဓမ္မာဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးပြည်စိုးဟန်က ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားကာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်(**အပေါ်ယာပုံ**)၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ တာဝန်ရှိသူများက ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)မှ လှူဒါန်းပူဇော်သော အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ၊ မဟာမင်္ဂလဓမ္မဇောတိကဓဇ၊ မင်္ဂလဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) ဥက္ကဋ္ဌ ဦးရဲထွန်းက မဟာမင်္ဂလဓမ္မဇောတိကဓဇနှင့် မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိသည့် လူပုဂ္ဂိုလ်များနှင့် အမျိုးဘာသာသာသနာ ပညာအကျိုးအတွက် စစ်မှန်သောစေတနာဖြင့် ကိုယ်ကျိုးမဖက် အနစ်နာခံ၍ မိမိအသက်ကို ပဓာနမထားဘဲ တာဝန်ထမ်းဆောင်ခဲ့သည့် လူပုဂ္ဂိုလ်များအား YMBA ဂုဏ်ရည်ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်သည်။



ယင်းနောက် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဥက္ကဋ္ဌက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ဒုတိယမြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တဉာဏိတနှင့် မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ်ထံမှ ဩဝါဒတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ထားဝယ်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်) သွားရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးပြိုင်ပွဲဝင်အဖွဲ့များ၏ လေ့ကျင့်မှုစွမ်းရည်ပြပွဲ ကျင်းပ

**ထားဝယ် စက်တင်ဘာ ၃၀**

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)သွားရောက်ယှဉ်ပြိုင်မည့် တနင်္သာရီတိုင်းဒေသကြီး ပြိုင်ပွဲဝင်အဖွဲ့များ၏ လေ့ကျင့်မှုစွမ်းရည်ပြပွဲကို ယနေ့မွန်းလွဲပိုင်းက ထားဝယ်မြို့ မြို့တော်(၁) ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်များ၊ ဘာသာရပ်ဆိုင်ရာ





အသိပညာရှင် အတတ်ပညာရှင်များနှင့် ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် တိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်မည့် ကဗျာလွတ်အက၊ ထားဝယ်တိုင်းရင်းသားရေအိုးရွက်အက၊ ထားဝယ်တိုင်းရင်းသားယန်းအကနှင့် ဗဟိုအဆင့်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အခြေခံပညာအဆင့် အသက် (၁၀-၁၅) နှစ်၊ (၁၅-၂၀) နှစ်၊ အဆင့်မြင့်ပညာအဆင့် အဆို၊ အက၊ အရေး၊ အတီး လေ့ကျင့်မှုစွမ်းရည်များကို ပြသကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များအတွက် ဂုဏ်ပြုဆုငွေကျပ်သိန်း ၃၀ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဗဟိုအဆင့်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် အဖွဲ့များအနေဖြင့် လေ့ကျင့်၊ ယှဉ်ပြိုင်၊ အောင်မြင်မှုရလဒ်ဟူ၍ အဆင့်သုံးဆင့်ရှိကြောင်း၊ လေ့ကျင့်သည့်နေရာတွင် ပင်ပန်းစွာဖြင့် ကြိုးစားပြီး လေ့ကျင့်ခဲ့သောကြောင့် စွမ်းရည်ပြပွဲတွင် အားလုံး၏ အဆို၊ အက၊ အတီးစွမ်းရည်များသည် အဆင့်မီစွာ အကောင်းဆုံးယှဉ်ပြိုင်နိုင်မည့် အနေအထားရောက်ရှိနေပြီဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များသည် မိမိကိုယ်ကို ယှဉ်ပြိုင်နိုင်ပြီးဆိုသည့် စိတ်ဓာတ်ကို သန္နိဋ္ဌာန်ချပြီး ပြိုင်ပွဲဝင်ရောက်သည့် အချိန်တွင် အကောင်းဆုံးဖြစ်အောင် ကြိုးစားယှဉ်ပြိုင်သွားကြရန် လိုအပ်ကြောင်း၊ ယှဉ်ပြိုင်သည့်နေရာတွင် အကောင်းဆုံး လေ့ကျင့်ထားသည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အပြည့်အဝယုံကြည်ကြောင်း ပြောကြားကာ စွမ်းရည်ပြပွဲကို ရုပ်သိမ်းခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စိုက်ပျိုးရေးသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၀ ရက်မှ ၂၃ ရက်အထိ မိုးညှင်းမြို့နယ်၊ တနိုင်းမြို့နယ်၊ မိုးကောင်းမြို့နယ်နှင့် နမ္မတီးမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၁၃ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၂၃ ရက်တွင် နမ္မတီးမြို့ မြို့ဦးရပ်ကွက်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီဂါလန် ၂၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ မိုးကောင်းမြို့နယ် မန်ရွက်ကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စိုက်ပျိုးရေးသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၅၀၀၀၀** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၆ ရက်တွင် ဘားအံမြို့နယ် ကော့ကဒါးကျေးရွာ၊ နောင်ပတုတ်ကျေးရွာနှင့် ရေကျော်ကျေးရွာတို့အနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၆၉၈ ဂါလန်၊ ဓာတ်ဆီ ၂၄၆ ဂါလန် **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၃၄၄၂၀** ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၅ ရက်တွင် ဘုတ်ပြင်းမြို့နယ် ကျားတောင်းကျေးရွာ၌ တရားမဝင် မီးသွေးပေါင် ၃၀ ဝင် ၄၅ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်နှင့် ၂၈ ရက်တို့တွင် ကော့သောင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၂၄၀၀၀** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မင်းလှမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဖြူးမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၃၂၉ တန်၊ သစ်မာ ၃ ဒသမ ၁၀၁ တန်၊ အခြားသစ် ၅ ဒသမ ၃၄၄ တန် **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၅၁၂၁** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၆ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် မော်လမြိုင်မြို့နယ် ကျောက်တန်းစက်မှုဇုန်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၂ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၅၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၅၀၀၀၀၀** ကို အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၄ ရက်တွင် ကြံခင်းမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၄၃၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၇၆၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၂၈ ရက်အထိ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၉၂၉၃၀၁) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အင်ဒိုနီးရှားနိုင်ငံ၌ စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်သည့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည်

**ဂျကာတာ စက်တင်ဘာ ၃၀**

အင်ဒိုနီးရှားနိုင်ငံသည် များပြားလာသော စွန့်ပစ်ပစ္စည်းပြဿနာကို ဖြေရှင်းဆောင်ရွက်ရန်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို မြှင့်တင်ရန် ကြိုးပမ်းအားထုတ်မှုတစ်စိတ်တစ်ပိုင်းအနေဖြင့် အောက်တိုဘာလနှောင်းပိုင်း၌ စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်သည့် (ဒဗလျူတီအီး) စီမံကိန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း နိုင်ငံတော်ရန်ပုံငွေအဖွဲ့ ဒါနန်တာရာက စက်တင်ဘာ ၃၀ ရက်တွင် ပြောသည်။

နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှု အေဂျင်စီအဖွဲ့ အကြီးအကဲဖြစ်သူ ရိုဆန် ရိုးစလာနီက ပထမအဆင့်တွင် ဒဗလျူတီအီးစက်ရုံ ရှစ်ရုံကို စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောသည်။ အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံတစ်ဝန်း ဒဗလျူတီအီးစက်ရုံ ၃၃ ရုံအထိ ဆောက်လုပ်သွားရန် ရည်ရွယ်ထားကြောင်း၊ စက်ရုံတစ်ရုံစီတိုင်းက နေ့စဉ် စွန့်ပစ်ပစ္စည်း တန်ချိန် ၁၀၀၀ ကို စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် တစ်နှစ်ကို စွန့်ပစ်ပစ္စည်း တန်ချိန် ၃၅ သန်းဝန်းကျင်ထွက်ရှိပြီး လတ်တလောတွင် ၆၀ ရာခိုင်နှုန်းခန့်သာ စီမံခန့်ခွဲနိုင်သေးကြောင်း ရိုဆန်က ပြောသည်။ ဒဗလျူတီအီးစီမံကိန်းသည် အင်ဒိုနီးရှားနိုင်ငံ၏ စွန့်ပစ်ပစ္စည်းပြဿနာကို ကာလရှည် ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ရသည်။ ရိုဆန်၏ ပြောကြားချက်အရ ဒဗလျူတီအီးစီမံကိန်းများက နိုင်ငံတော်၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၈၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်မည်ဟု မျှော်လင့်ရကြောင်း၊ စက်ရုံတစ်ရုံချင်းစီကနေ လျှပ်စစ်စွမ်းအင်ကို ၁၅ မဂ္ဂါဝပ်နီးပါး ထုတ်လုပ်နိုင်မည်ဖြစ်ပြီး မြေနေရာအသုံးပြုမှုကို ၉၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။



ဆင်ဟွာ



# ဗီယက်နမ်နိုင်ငံက အီလက်ထရွန်နစ်ပစ္စည်းတင်ပို့မှု အမေရိကန်ဒေါ်လာ ၁၄၅ ဘီလီယံအထိရရှိရန် ရည်မှန်းထား

**ဟန္နိုင်း စက်တင်ဘာ ၃၀**

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်နှစ်ကုန်ပိုင်းတွင် အီလက်ထရွန်နစ်ပစ္စည်းတင်ပို့မှုများမှ အမေရိကန်ဒေါ်လာ ၁၄၅ ဘီလီယံအထိ ရရှိရန် ရည်မှန်းထားကြောင်း ဗီယက်နမ် သတင်းအေဂျင်စီက စက်တင်ဘာ ၃၀ ရက်တွင် အစီရင်ခံဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် ယမန်နှစ်တွင် အီလက်ထရွန်နစ်ပစ္စည်းတင်ပို့မှုများမှ အမေရိကန်ဒေါ်လာ ၁၂၆ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။ ယခုနှစ်ပထမရှစ်လအတွင်း ကွန်ပျူတာ၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် ယင်းပစ္စည်းအစိတ်အပိုင်း တင်ပို့မှုများမှ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၇ ဘီလီယံ ရရှိခဲ့သည်။ ထို့ကြောင့် အဆိုပါပစ္စည်းများသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးပို့ကုန်အမျိုးအစားဖြစ်လာခဲ့သည်။

သို့သော်လည်း ထိပ်တန်းထောက်ပံ့သူ ၉၀ ရာခိုင်နှုန်းကျော်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ဖွဲ့စည်းထားသည့် ကုမ္ပဏီများဖြစ်ပြီး ပြည်တွင်းကုမ္ပဏီများက အစိတ်အပိုင်းများကို စုစည်းတပ်ဆင်သည့် အဆင့်တွင်ပင် အဓိက ပါဝင်နေသောကြောင့် စိန်ခေါ်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။

ဆင်ဟွာ

# ၂၀၃၀ မတိုင်မီ ကမ္ဘာတစ်ဝန်း အလုပ်အကိုင်ပေါင်း ၄၀၀၀ ခန့် လျှော့ချသွားမည်ဟု ကမ္ဘာလုံးဆိုင်ရာ လေကြောင်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် လုပ်ဖ်သန်ဇာအဖွဲ့ပြော

**ဖရန့်ဖွတ် စက်တင်ဘာ ၃၀**

၂၀၃၀ မတိုင်မီ ကမ္ဘာတစ်ဝန်း အလုပ်အကိုင်ပေါင်း ၄၀၀၀ ခန့်လျှော့ချသွားမည်ဖြစ်ကြောင်းနှင့် အများစုမှာ ဂျာမနီမှဖြစ်ကြောင်း လုပ်ဖ်သန်ဇာအဖွဲ့က စက်တင်ဘာ ၃၀ ရက်က ကြေညာလိုက်သည်။ လုပ်ဖ်သန်ဇာအဖွဲ့သည် လုပ်ငန်းခွဲများနှင့် ရှယ်ယာရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ၃၀၀ ကျော်ရှိသည့် ကမ္ဘာလုံးဆိုင်ရာ လေကြောင်းအဖွဲ့အစည်းတစ်ခုဖြစ်သည်။

လုပ်ဖ်သန်ဇာအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ အုပ်ချုပ်ရေးပိုင်းရာထူးနေရာများကို အဓိကအားဖြင့် အလုပ်လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။ ကြီးမားသော ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု၊ အလိုအလျောက်စနစ်နှင့် ချောမွေ့သောလုပ်ငန်းစဉ်များဖြင့် အလုပ်အကိုင်လျှော့ချခြင်းကို အောင်မြင်စွာ ပြုလုပ်နိုင်မည်ဖြစ်သည်။

အလုပ်အကိုင်လျှော့ချခြင်းကို လူမှုရေးဆိုင်ရာမိတ်ဖက်များနှင့် တိုင်ပင်ညှိနှိုင်းပြီးမှ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လာမည့်နှစ်များအတွင်း လုပ်ငန်းလည်ပတ်မှုနှင့် ဖွဲ့စည်းပုံများပြောင်းလဲသွားမည်ဖြစ်ကြောင်း လုပ်ဖ်သန်ဇာအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လုပ်ဖ်သန်ဇာအဖွဲ့သည် ကမ္ဘာတစ်ဝန်း လူ ၁၀၃၀၀၀ ခန့် အလုပ်ခန့်အပ်ထားသည်။ လုပ်ဖ်သန်ဇာတွင် ဝန်ထမ်းအမြောက်အမြားအလုပ်ရပ်စဲခြင်းကို မိမိတို့လက်ခံသွားမည်မဟုတ်ကြောင်းနှင့် မိမိတို့၏ အလုပ်အကိုင်များကို ကာကွယ်သွားမည်ဖြစ်ကြောင်း ဝန်ဆောင်မှုကဏ္ဍဝန်ထမ်းများကို ကိုယ်စားပြုသည့် ဂျာမန်အလုပ်သမားသမဂ္ဂ (ဗာဒီ)၏ အဖွဲ့ကိုယ်စားလှယ်နှင့် ဦးဆောင်ညှိနှိုင်းရေးမှူး မာဗင်ရက်စ်ချင်စကီက ပြောသည်။

အလုပ်အကိုင်များကို အကာအကွယ်ပေးရန်နှင့် ဂျာမန်လေကြောင်းကဏ္ဍ အနာဂတ်ကို အာမခံပေးရန် ၎င်းက အစိုးရကို တိုက်တွန်းခဲ့သည်။

ဆင်ဟွာ

# ဆူဒန်အနောက်ပိုင်း ရွှေ့ပြောင်းခိုလှုံရေးစခန်း၌ လူ ၉၅ ဦးခန့် သေဆုံး

**ခါတွန် စက်တင်ဘာ ၃၀**

ဆူဒန်နိုင်ငံအနောက်ပိုင်း မြို့တော်အယ်လ်ဖာရှာရှိ အဘူရှောက် ရွှေ့ပြောင်းခိုလှုံရေးစခန်း၌ လွန်ခဲ့သော ရက်ပေါင်း ၄၀ ကျော်အတွင်း ဆာလောင်ငတ်မွတ်မှုကြောင့်သော်လည်းကောင်း၊ ရောဂါဘယထူပြောမှုကြောင့်သော်လည်းကောင်း လူ ၉၅ ဦးထက်မနည်းသေဆုံးခဲ့သည်ဟု စေတနာရှင်လုပ်အားပေးအဖွဲ့များက ပြောကြားသည်။

အဘူရှောက် ရွှေ့ပြောင်းခိုလှုံရေးစခန်းအရေးပေါ်ခန်းက အသက်ငါးနှစ်အောက် ကလေးငယ် ၇၃ ဦးနှင့် အရွယ်ရောက်သူ ၂၂ ဦးတို့သည် ဆာလောင်ငတ်မွတ်မှုနှင့် ဖျားနာမှုကြောင့် သေဆုံးခဲ့သည်ဟု ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြခဲ့သည်။

အယ်လ်ဖာရှာမြို့၌ လုံခြုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုအခြေအနေမှာ ဆိုးရွားနေဆဲဖြစ်ကြောင်း၊ အကူအညီများနှင့် အခြေခံဝန်ဆောင်မှုများ ဖြတ်တောက်ထားသောကြောင့် ဒေသခံများ စားရေရိက္ခာနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆိုးရွားစွာ ပြတ်တောက်လျက်ရှိကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

မလုံခြုံမှုများ ဆက်လက်ဖြစ်ပွားနေချိန်တွင် မြို့အနှံ့ မသဂြိုဟ်ရသေးသော ရုပ်အလောင်းများ ပြန့်ကျဲနေသည်ကို ကိုးကား၍ ကျန်းမာရေးအခြေအနေသည် ရှိရင်းစွဲအခြေအနေထက် ပိုဆိုးနိုင်ကြောင်း စေတနာရှင်လုပ်အားပေးအဖွဲ့က ပြောသည်။ လက်နက်ကြီးများဖြင့် ဆက်လက်ပစ်ခတ်ခြင်း၊ အခြေခံဝန်ဆောင်မှုများ ပြိုလဲသွားခြင်း၊ ထောက်ပံ့ငွေပြတ်တောက်မှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် ပရဟိတစားရိပ်သာများ ပိတ်သိမ်းခဲ့ရခြင်းကို ကိုးကား၍ လူသားချင်းစာနာထောက်ထားမှုအခြေအနေများ သိသိသာသာဆိုးရွားလာသည်ဟု အခြားစေတနာရှင်လုပ်အားပေးအဖွဲ့တစ်ဖွဲ့က ဖော်ပြခဲ့သည်။

အကြမ်းဖက်ပဋိပက္ခများသည် အယ်လ်ဖာရှာမြို့တွင် ၂၀၂၄ ခုနှစ် မေလကတည်းက ဖြစ်ပွားလျက်ရှိသည်။ မကြာသေးမီရက်များအတွင်း လက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာခဲ့သည်။

ဆင်ဟွာ



# ဗီယက်နမ်၌ တိုင်ဖွန်းမုန်တိုင်းဘူအလွိုင်ကြောင့် ၂၇ ဦး သေဆုံးပြီး ၂၁ ဦး ပျောက်ဆုံး

**ဟန္နိုင်း စက်တင်ဘာ ၃၀**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းပြည်နယ် ၁၇ ခုတွင် တိုင်ဖွန်းမုန်တိုင်း ဘူအလွိုင်နှင့် နောက်ဆက်တွဲရေကြီးရေလျှံမှု၊ မြေပြိုကျမှုများကြောင့် သေဆုံးသူပေါင်း ၂၇ ဦးအထိ မြင့်တက်လာကြောင်း၊ ၂၁ ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်းနှင့် ၁၁၂ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက စက်တင်ဘာ ၃၀ ရက်တွင် အစီရင်ခံဖော်ပြထားသည်။

တိုင်ဖွန်းမုန်တိုင်း ဘူအလွိုင်ကြောင့် နေအိမ် ၁၅၈၀၀၀ ကျော် ထိခိုက်ပျက်စီးမှုနှင့် ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့သည်။ ထို့အပြင် စပါးနှင့် အခြားသီးနှံစိုက်ဧက ဟက်တာ ၂၆၆၀၀ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း၊ နေရာအနှံ့အပြား လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ၊ လမ်းပိတ်ဆို့မှုများနှင့် ရေကာတာ ကျိုးပေါက်မှုများ ဖြစ်ပွားခဲ့ကြောင်း စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနကို ကိုးကားပြီး အစီရင်ခံဖော်ပြထားသည်။

ဒေသန္တရ အာဏာပိုင်များသည် ထိခိုက်ပျက်စီးမှုများကို ချင့်တွက် အကဲဖြတ်လျက်ရှိကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၁ ရက်အထိ မြောက်ပိုင်း ပြည်နယ်အများအပြားတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။

ဆင်ဟွာ

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

ဘဝချမ်းသာအခွင့်အရေးများရရှိရေး သက်ကြီးသူများ ဦးဆောင်ပါဝင်ပေး

" Older Persons Driving Local and Global Action: Our Aspirations, Our Well-Being, Our Rights"

၁.၁၀.၂၀၂၅ နေပြည်တော်



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာပျိုးပျိုး ဂျာနယ် ထွက်ရှိ



၁-၁၀-၂၀၂၅ ရက်နေ့ထုတ် အတွဲ (၂၂)၊ အမှတ် (၁၉) တွင်

- သီတင်းကျွတ်အခါရာသီနှင့် မြန်မာတို့၏ နှလုံးသားအလှ
- အစိုးရဆေးရုံများတွင် ပြည်သူနှင့်ဆက်ဆံရေး ပိုမိုအဆင်ပြေစေရန် ကျန်းမာရေးဝန်ကြီးဌာန ကြိုးပမ်း
- ဝါးပိုးမွေးမြူရေးလုပ်ငန်းများ သက်တမ်းနုသေးသော်လည်း ပြည်တွင်းဈေးကွက်ထိုးဖောက်ရန် ပြင်ဆင်နေ
- မျှစ်ခြောက်ကို ဂျပန်က အမှာများသော်လည်း ၁၀ ရာခိုင်နှုန်းခန့်သာ တင်ပို့နိုင်သေး
- အဝယ်လိုက်လျက်ရှိသော မြင်းမွေးမြူရေးလုပ်ငန်း
- မိုးစပါးစိုက်တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာရောင်းချပေး
- အင်္ဂလန်နိုင်ငံတွင် အသက် (၁၆)နှစ်အောက်လူငယ်များ အားဖြည့်အချိုရည် ဝယ်ယူခြင်းတားမြစ်
- ထိုင်းစီးပွားရေးကဏ္ဍအတွက် အရေးပါနေသော နွားမွေးမြူရေးလုပ်ငန်း စသည်တို့အပါအဝင် စိုက်ပျိုးရေး မွေးမြူရေး ကျန်းမာရေး သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၅၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal


## ပဲခူးမြို့၌ အခြေခံအိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်လှစ်

**ပဲခူး စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးဌာနမှူး ဒေါ်ခင်မာသက်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူး) သင်တန်းကျောင်းတာဝန်ခံ ဦးအောင်နိုင်စိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

